စာကြည့်တိုက်စာစဉ် (၈၄)



# ဒိုင်ယာနာ မင်းသမီး

the key collection

စာကြည့်တိုက်စာစဉ် (၈၄)

the key collection press

စာအုပ်မှတ်တမ်း

the key collection ပထမအကြိမ် စက်တင်ဘာ ၂၀၁၇

ထုတ်ဝေသူ the key collection (၀၀၉၅)

ပုံနှိပ်သူ ရွှေပြည်မွှေး (၀၀၁၅၂)

အုပ်ရေ ၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

စာအုပ်ချုပ် ကိုမြင့်

မျက်နှာဖုံး ပုံတူပန်းချီ မောင်ဒီ

book designed by mgsithu

the key collection ၉၂၀

မူရင်းစာအုပ်အမည် Who was Princess Diana? by Ellen Labrecque

Illustrated by Jerry Hoare

ဒိုင်ယာနာ မင်းသမီး / the key collection

-- ရန်ကုန်၊ the key collection ၂၀၁၇။

၈၉ စာ၊ ၁၃ x ၂၁ စင်တီမီတာ။

၁။ ဒိုင်ယာနာ မင်းသမီး

(၁) ဆွေကြီးမျိုးကြီးဘဝအစ (၂) ချစ်အိမ်မက်

(၃) စာသင်ကျောင်းနှင့် အထက်တန်းအောင်မြင်ပြီးနောက်ပိုင်း (၄) ချားလ်စ်

(၅) ထိမ်းမြားလက်ထပ်မင်္ဂလာ (၆) မင်းသမီးလေး

(၇) ရည်မှန်းချက်ကြီးသောမင်းသမီး (၈) တစ်ကိုယ်တည်း

(၉) နှုတ်ဆက်လိုက်ပါတယ်ဒိုင်ယာနာ

(၁၀) ဝမ်းနည်းပူဆွေးသောကရောက်ကြခြင်း (၁၁) သူ၏ တော်ဝင်အမွေအနှစ်

# ဒိုင်ယာနာ မင်းသမီး



စီစဉ်သူ

the key collection

# ခေါင်းစဉ်အညွှန်း


စကားလက်ဆောင် ၉

ဒိုင်ယာနာမင်းသမီး ၁၁

အခန်း ၁

ဆွေကြီးမျိုးကြီးဘဝအစ ၁၅

အခန်း ၂

ချစ်အိပ်မက် ၂၁

အခန်း ၃

စာသင်ကျောင်းနှင့် အထက်တန်းအောင်မြင်ပြီးနောက်ပိုင်း ၂၈

အခန်း ၄

ချားလ်စ် ၃၄

အခန်း ၅

ထိမ်းမြားလက်ထပ်မင်္ဂလာ ၄၇

အခန်း ၆

မင်းသမီးလေး ၅၀

အခန်း ၇

ရည်မှန်းချက်ကြီးသောမင်းသမီး ၅၈

အခန်း ၈

တစ်ကိုယ်တည်း ၆၈

အခန်း ၉

နှုတ်ဆက်လိုက်ပါတယ်ဒိုင်ယာနာ ၇၅

အခန်း ၁၀

ဝမ်းနည်းပူဆွေးသောကရောက်ကြခြင်း ၈၂

အခန်း ၁၁

သူ၏ တော်ဝင်အငွေ့အနှစ် ၈၇

## စကားလက်ဆောင်

the key collection က စာဖတ်သူများ အထူးသဖြင့် လူငယ်လူရွယ်များ စာဖတ်ဓလေ့ (Reading Culture) ဖွံ့ဖြိုးလာရန် အားပေးလိုသည့်အတွက် စာကြည့်တိုက်စာစဉ်ကို စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။ ၂၁ ရာစု မျက်မှောက်ခေတ်ကို နည်းပညာနှင့် အသိပညာ၊ အတတ်ပညာခေတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရာ လူငယ်တစ်ဦးချင်း တစ်ယောက်ချင်းမှ တစ်မျိုးသားလုံး စာဖတ်ဓလေ့ ထွန်းကားရေးကို ရည်ရွယ်လျက် စာအုပ်တိုက် တစ်တိုက်အနေဖြင့် တတ်စွမ်းသရွေ့ စီစဉ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း ထောင်ချီလာခဲ့သည့် လူသားတို့၏ အသိဉာဏ်ပညာ အမွေအနှစ်၊ ယဉ်ကျေးမှု အမွေအနှစ်ကို အထိရောက်ဆုံး ပေးစွမ်းနိုင်သည့် အရာမှာ စာအုပ်စာပေသာ ဖြစ်သည်။ ဆရာဇော်ဂျီ၏ စကားဖြင့် အငှား ဆိုရလျှင် စာအုပ်စာပေ စာကြည့်တိုက်တို့သည် လူ့အသိဉာဏ်ပညာ အလုပ်စခန်း (Workshop) ဟု ဆိုနိုင်ပါသည်။ မိမိဘဝ တိုးတက်လိုသူတိုင်း အရည်အသွေး ပြည့်ဝလိုသူတိုင်း လူပီသလိုသူတိုင်း စာကို ဖတ်ကို ဖတ်ရမည်သာ ဖြစ်သည်။ စာမဖတ်သော လူမျိုး၊ စာဖတ်ဓလေ့ မထွန်းကားသော နိုင်ငံသည် အရာရာတွင် နောက်ကျ ကျန်ရစ်မည်သာ ဖြစ်သည်။

စာဖတ်ဓလေ့ ထွန်းကားရေးအတွက် the key collection က တတ်စွမ်းသရွေ့ ဆောင်ရွက်သည့်အနေဖြင့် the key collection စာကြည့်တိုက် စာစဉ်ကို စီစဉ်ဆောင်ရွက်ပါကြောင်း ထပ်မံ စကားဆိုပါရစေ။

**the key collection** စာကြည့်တိုက်စာစဉ်များသည် တစ်ဦးချင်း စာဖတ်ဓလေ့ ဖွံ့ဖြိုးရေး၊ ကိုယ်ပိုင်စာကြည့်တိုက်၊ အခြေခံပညာကျောင်း စာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်း နိုင်ရန် ဖတ်ရှုသင့် ဖတ်ရှုထိုက်သည့် စာအုပ်များ ရွေးချယ် စီစဉ် ထုတ်ဝေ နိုင်ရန် ကြိုးပမ်းမည် ဖြစ်ပါကြောင်း စာဖတ်သူများအား စကားလက်ဆောင် ပါးပါရစေ။

**the key collection**

## ဒိုင်ယာနာမင်းသမီး


၁၉၈၁ခုနှစ် ဇူလိုင်လ ၂၉ ရက်အား အင်္ဂလန်နိုင်ငံတွင် နိုင်ငံတော်ရုံး ပိတ်ရက်အဖြစ် သတ်မှတ် ကျင်းပခဲ့သည်။ ဗြိတိသျှထီးနန်းအား ဆက်ခံမည့် သက်တော် သုံးဆယ့်နှစ်နှစ်အရွယ် ချားလ်စ်မင်းသားသည် လေဒီ ဒိုင်ယာနာ ဖရန့်စစ္စ စပင်ဆာနှင့် လက်ဆက်သော 'ရာစုနှစ် လက်ထပ်ထိမ်းမြားမင်္ဂလာပွဲ' ကို ကျင်းပသောကြောင့် ဖြစ်သည်။ ထောင်ပေါင်း မြောက်မြားစွာသော လူထုသည် လန်ဒန်ရှိ လမ်းများတွင် စီတန်း စောင့်ဆိုင်းနေကြ၏။ တစ်ဘီလျံ၏ သုံးပုံတစ်ပုံ ပမာဏရှိသော ပရိသတ်တို့သည် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသည်ကို ကြည့်ရှုခဲ့ကြသည်။

လန်ဒန်ရှိ စိန့်ပေါလ် ဝတ်ကျောင်းတော်ကြီး၏ ရှေ့မှောက်၌ မှန်ရထားလုံးဟု လူသိများသော မြင်းတစ်ကောင်ဆွဲလာသည့် ရထားလုံးမှ အသက်နှစ်ဆယ်အရွယ်ရှိ ဒိုင်ယာနာ လှမ်းထွက်လိုက်သောအခါ လူထုပရိသတ်ကြီးက ကောင်းချီးသြဘာ ပေးခဲ့ကြသည်။ ဒိုင်ယာနာသည် ရွှေနှင့်



စိန်တို့ ပြုံးပြက် တောက်ပလျက်ရှိသော ရတနာသရဖူ ဆင်မြန်းထားကာ လှပသော အဖြူရောင်ဝတ်စုံကိုလည်း ဝတ်ဆင်ထား၏။ ယင်းဝတ်စုံ၏ နောက်ဘက်ရှိ ရေသီနားမှာ နှစ်ဆယ့်ငါးပေ ရှည်လျားပေသည်။ နောက် အနာဂတ်ကာလတွင် မင်းသမီးဖြစ်တော့မည့် ဒိုင်ယာနာသည် သူ့ ဂုဏ်ယူ ဝံ့ကြွားလှေ့ရှိသော ဖခင်ကြီး အားလ် ဂျွန် စပင်ဆာ၏ လက်မောင်းအား နှီတွဲကာ ဘုရားရှိခိုးကျောင်းတွင်းသို့ လျှောက်လာခဲ့သည်။ ဧည့်ပရိသတ် ပေါင်း သုံးသောင်းငါးထောင်တို့သည် ကော်ဇောနီခင်းထားသည့် မင်းလမ်း ရှည်ကြီးအတိုင်း လျှောက်လှမ်းလာသည့် သက်ရှိထင်ရှား စင်ဒရဲလား မင်း သမီးလေးအား မတ်တတ်ရပ်ကာ စောင့်ကြည့်နေကြ၏။ ချားလ်စ်၏ မိခင် ကြီးဖြစ်သူ အင်္ဂလန်ဘုရင်မကြီး ဒုတိယမြောက် အဲလိဇဘက်နှင့် ဖခင် ကြီး ဖိလစ်မင်းသားတို့သည် မြင်ကွင်းအား ဝင့်ကြွားစွာ ကြည့်ရှုလျက် ရှိ၏။





ဝတ်ပြုဆုတောင်းရာ စင်မြင့်ရှေ့၌ ရပ်တန့်လျက်ရှိသူမှာ ချားလ်စ် မင်းသား ဖြစ်သည်။ ချားလ်စ်သည် အပြာရင့်ရောင် ရေတပ် ဒုတိယဗိုလ်မှူးကြီး ဝတ်စုံကို ဝတ်ဆင်ထားပြီး လှိုင်းတွန့် ဆံပင်တို့အားလည်း သပ်ရပ် ပိပြားနေအောင် ဖြီးသင်ထား၏။ မည်သည့် မိန်းမလှမျိုးကိုမဆို ထိမ်းမြား လက်ထပ်နိုင်သော ရုပ်ရည်ချောမောသည့် မင်းသားက ဒိုင်ယာနာအား ဖူးစာဖက်အဖြစ် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

'ကျွန်မရဲ့ မျက်လုံးတွေကို သူ့ဆီကနေ ရှောင်လွဲလို့ မရနိုင်အောင် ဖြစ်ခဲ့ရပါတယ်' ဟု နောက်ပိုင်း၌ ဒိုင်ယာနာက ပြောဆိုခဲ့ဖူးသည်။ 'ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိန်းကလေးလို့လည်း အမှန်တကယ် တွေးနေမိတာပေါ့ရှင်'။

တော်ဝင် ထိမ်းမြားမင်္ဂလာ အခမ်းအနား စတင်ရန် အဆင်သင့် ဖြစ်နေပေပြီ။ အခမ်းအနားအား ဦးစီးဦးဆောင်ပြုခဲ့သော ကန်တာဘူရီ ဂိုဏ်းချုပ်ဘုန်းတော်ကြီးကလည်း ထိုနေ့အား 'နတ်သမီး ပုံပြင်တွေထဲက အခင်းအကျင်းတွေအတိုင်း ဖန်တီးထားသလိုပါပဲ' ဟု ပြန်ပြောင်း ပြောပြခဲ့ဖူးသည်။

နတ်သမီးပုံပြင်အများစုမှာ 'အမြဲတစေ ပျော်ပျော်ရွှင်ရွှင်' အဆုံးသတ်ခဲ့သည်ချည်းပင် ဖြစ်၏။ သို့နှင့်တိုင် မင်းသမီးလေး၏ တကယ့် ဘဝမှာကား ပိုမို ခက်ခဲရှုပ်ထွေး နေတော့သည်။

ထိမ်းမြား လက်ထပ်ပြီးနောက် နှစ်ပေါင်းများစွာ ကာလအတွင်း၌ တစ်ခါတစ်ရံတွင် ဒိုင်ယာနာသည် အထီးကျန်ဖြစ်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းတို့ကို ခံစားခဲ့ရ၏။ သူ စိတ်ကူးယဉ်မှန်းဆခဲ့သည့် ပုံပြင်စာအုပ်တစ်အုပ်ကဲ့သို့ အမြဲတစေ ပျော်ရွှင်နေခဲ့ရသည်တော့ မဟုတ်ပေ။ သို့သော် တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြသည့် ထိမ်းမြားမင်္ဂလာဆောင်နှင်းသည့် နေ့ရက်၌မူ ဒိုင်ယာနာသည် ပျော်ရွှင်လျက်ရှိသော သတို့သမီးလေးတစ်ဦးပင် ဖြစ်၏။ သူ၏ ဆွဲဆောင်မှုရှိသော မင်းသားနှင့် ထိမ်းမြား လက်ထပ်ရန် စောင့်ဆိုင်းနေနိုင်ခြင်း မရှိခဲ့ပါချေ။

အခန်း ၁

## ဆွေကြီးမျိုးကြီးဘ၀အစ

ဒိုင်ယာနာမင်းသမီးအား ဒိုင်ယာနာ ဖရန့်စ်စ္စ စပင်ဆာ အဖြစ် ၁၉၆၁ ခုနှစ် ဇူလိုင်လ ၁ ရက်တွင် ဖွားမြင်ခဲ့သည်။ စပင်ဆာတို့သည် ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာရှိသော မိသားစုအဖြစ် ရာစုနှစ်ပေါင်းများစွာ ရပ်တည်ခဲ့ကြသူများ ဖြစ်၏။ ဗြိတိသျှ ဆွေကြီးမျိုးကြီးများ သို့တည်းမဟုတ် ကြွယ်ဝိုးကြွယ်ဝရှိသော အုပ်ချုပ်သူ လူတန်းစား၌ ပါဝင်သူများလည်း ဖြစ်သည်။





အင်္ဂလန်နိုင်ငံ စန်ဒရင်ဂန်မ် ရှိ ကွင်းစ် နယ်မြေအတွင်းမှ လှပကြီးမား ခံ့ထည်သော ပေါ့ခ်ဟောက်စ်၌ ဒိုင်ယာနာအား ဖွားမြင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ကာလများအတွင်းက ယင်းအိမ်၌ လာရောက် စံမြန်းရန်အတွက် ဒိုင်ယာနာ၏ ဘိုးဘွားများက ဆဋ္ဌမမြောက် ဂျော့ချ် ဘုရင်မင်းမြတ်အား ဖိတ်မန္တက ပြုခဲ့ကြဖူးသည်။ ပေါ့ခ်ဟောက်စ်အား မိသားစုနေထိုင်ရန်အတွက် ဒိုင်ယာနာ၏ မိခင်ကြီးလက်သို့ ပြန်လည် လွှဲပြောင်း ပေးအပ်ထားခြင်း ဖြစ်သည်။

ဒိုင်ယာနာ၏ ဖခင်ကြီး ဂျွန် စပင်ဆာမှာ ဗိုင်းကောင့် အောလ်သရပ် မျုးမတ်ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသူ ဖြစ်သည်။ ဗြိတိသျှ တပ်မတော်အရာရှိ တစ်ဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ် ကာလအတွင်းကလည်း အင်္ဂလန်နိုင်ငံ အတွက် တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ ဒိုင်ယာနာ၏ မိခင်ကြီး ဖရန်စစ္စ စပင် ဆာမှာလည်း ဗိုင်းကောင့် တက်စ် အောလ်သရပ် ဘွဲ့အပ်နှင်းခြင်းခံထား ရသူ ဖြစ်သည်။

ဒိုင်ယာနာတွင် အစ်မကြီး နှစ်ဦးရှိပြီး ခြောက်နှစ်အရွယ် ဆာရာနှင့် လေးနှစ်အရွယ် ဂျိန်းတို့ ဖြစ်ကြသည်။ ၎င်းတို့မှာ တော်ဝင်မိသားစုနှင့် ရင်းနှီးကျွမ်းဝင်ကြသူများ ဖြစ်ခြင်းကြောင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဒုတိယမြောက် အဲလိဇဘက်ဘုရင်မကြီး၏ သားတော်များ ဖြစ်ကြသော ချားလ်စ်မင်းသား၊ အင်ဒရူးမင်းသား၊ အက်ဒွပ်မင်းသားတို့နှင့် စပင်ဆာ မိန်းကလေးသုံးဦးတို့ အသီးသီး စုလျားရစ်ပတ်ကြလိမ့်မည်ဟုလည်း လူသူ အများက တစ်ခါတစ်ရံ ပြောလေ့ ဆိုလေ့ ရှိခဲ့ကြဖူး၏။

ဒိုင်ယာနာ မွေးဖွားချိန်က မိသားစု အမည်ကို ဆက်လက် သယ်ဆောင်သွားနိုင်ပြီး ၎င်းတို့၏ ဥစ္စာဓနများအား အမွေဆက်ခံနိုင်မည့် သားယောကျ်ားလေးတစ်ဦး ရလာလိမ့်မည်ဟု စပင်ဆာတို့ မျှော်လင့်ထားကြသည်။ ပမာဆိုရသော် မိန်းကလေးအမည်ကိုပင် စပင်ဆာတို့ ရွေးချယ်ထားခြင်း မရှိကြပေ။ ၎င်းတို့၏ တတိယမြောက် သမီးလေး မွေးဖွားပြီးနောက် ရက်သတ္တတစ်ပတ် ကြာမြင့်မှသာ 'ဒိုင်ယာနာ' ဟု အမည်ပေးရန် ဆုံးဖြတ်လိုက်ကြသည်။

ကလေးဘဝက ဒိုင်ယာနာသည် တစ်ဦးတည်းသာ တစ်ခါတစ်ရံ ဆော့ကစားနေလေ့ ရှိ၏။ သူ၏ အစ်မကြီးနှစ်ဦးမှာ ကျောင်းအိပ်ကျောင်းစား တက်ရောက်ရသည့် စာသင်ကျောင်းရှိရာ အဝေးသို့ ရောက်ရှိနေကြသည်။ 'ကျွန်မ မျက်စိရှေ့မှောက်မှာ မဟုတ်ဘဲ သူတို့ ကြီးပြင်းသွားကြတာပါ' ဟု နောက်ပိုင်းတွင် ဒိုင်ယာနာက ပြောဆိုခဲ့ဖူးသည်။

ဒိုင်ယာနာ၏ မိဘများသည် သားရင်သွေးတစ်ဦးအား အမြဲတစေလိုလား တောင့်တနေခဲ့ကြသည်။ ဒိုင်ယာနာ သုံးနှစ်သမီးအရွယ် ၁၉၆၄ ခုနှစ်တွင် ချားလ်စ် စပင်ဆာအား မွေးဖွားခဲ့သည်။ ချားလ်စ်သည် ဒိုင်ယာ





နာ၏ အကောင်းဆုံးသော မိတ်ဆွေ သူငယ်ချင်း တစ်ဦး ဖြစ်လာခဲ့သည်။ စပင်ဆာမိသားစု၏ အငယ်ဆုံးသော ရင်သွေးလေးသည် ပေါ့ခ်ဟောက်စ် တစ်ခွင် လှည့်လည်သွားလာရင်း ပျော်ရွှင်မြူးထူး နေတတ်၏။ ဧရာမ အိပ်ခန်းကျယ်ကြီး ဆယ်ခန်းတွင် ကလေးများ လျှောဆင်းနိုင်သည့် လက်ရန်းများ ပါရှိသော လှေကားအုံရှည်ကြီးများ ရှိသည်။

ဒိုင်ယာနာသည် ကျန်းမာကြံ့ခိုင် ဖျတ်လတ်သော ကလေးတစ်ဦး ဖြစ်၏။ စက်ဘီးစီးခြင်း၊ ရေကူးကန်၌ ရေကူးခြင်းနှင့် သစ်ပင်တက်ခြင်း တို့ဖြင့် ပျော်ရွှင်လျက် ရှိသည်။ ရုပ်လုံးသွင်းထားသည့် တိရစ္ဆာန်ရုပ်များ ဖြင့် ဆော့ကစားရသည်ကို နှစ်ခြိုက်ပြီး သူ၏ အိပ်ရာပေါ်၌လည်း ယင်း အရုပ်များ မြောက်မြားစွာ ထားလေ့ ရှိ၏။ သက်ရှိ တိရစ္ဆာန်တို့အားလည်း ချစ်မြတ်နိုးလှသည်။ ဒိုင်ယာနာတွင် ဟမ်းစတားလေးများ၊ ပူးလေးများနှင့် မားမလိတ်ဒ် ဟု အမည်ပေးထားသော ကြောင် တစ်ကောင် ရှိသည်။

ချမ်းသာကြွယ်ဝသော မိသားစုတို့မှ ကလေးငယ်များကဲ့သို့ပင် ဒိုင် ယာနာနှင့် သူ၏ မောင်လေးတို့၌ ကလေးထိန်းများ အသီးသီး ရှိပေသည်။ သို့နှင့်တိုင် ဒိုင်ယာနာသည် မိခင်ကြီး၏ ပြုစုစောင့်ရှောက်မှုကို ကာလ အတန်ကြာအောင် ရရှိခဲ့သည်။ ဒိုင်ယာနာနှင့် ချားလ်စ်တို့သည် ကလေး ထိန်းအချို့ အလုပ်မှ ထွက်သွားလေအောင် အားထုတ်လေ့ရှိကြပြီး ၎င်း

တို့၏ အဝတ်အစားများကိုပင် ပြတင်းပေါက်မှ ပစ်ထုတ်လေ့ ရှိကြ၏။ သို့သော် ကလေးထိန်းအဟောင်း နေရာ၌ ကလေးထိန်းအသစ် တစ်ဦးကို အမြဲတစေ ငှားရမ်း ခန့်ထားလေ့ရှိကြောင်း မြန်မြန်ဆန်ဆန် သဘောပေါက်သွားကြသည်။

သူ၏ မောင်လေးနှင့်အတူ ထွင်လုံး အနည်းအကျဉ်း ပြုလုပ်သည်မှလွဲ၍ ဒိုင်ယာနာသည် ကလေးထိန်းတို့အား ကြင်ကြင်နာနာ ပြုမူ ဆက်ဆံလေ့ ရှိ၏။ ကလေးကစားခန်းအား သန့်ရှင်းရေး ဆောင်ရွက်ရာတွင် လည်းကောင်း၊ အိမ်မှုကိစ္စအဝဝ ဆောင်ရွက်ရာတွင် လည်းကောင်း ကလေးထိန်းတို့အား ကူညီ လုပ်ဆောင်ပေးလေ့ ရှိသည်။ 'လူတိုင်းအား ကိုယ်ကဲ့သို့ ပြုမူ ဆက်ဆံရမည်ဖြစ်ပြီး အရှိန်အဝါ သြဇာမသုံးရ' ဟု ဒိုင်ယာနာအား ငယ်စဉ်ကပင် သူ၏ ဖခင်ကြီးက ဆုံးမသွန်သင်ခဲ့သည်။ ဒိုင်ယာနာ အနေဖြင့် လူတိုင်းအား ကြင်ကြင်နာနာ ဆက်ဆံရမည်ဖြစ်ပြီး အခြားတစ်ပါးသော သူတို့ထက် ပို၍ အရေးပါ အရာရောက်လေဟန် ပြုမူ ဆောင်ရွက်ခြင်းလုံးဝ မပြုရ ဟူသော အဓိပ္ပာယ် ဆောင်ပေသည်။ ဒိုင်ယာနာသည် ယင်းစည်းမျဉ်းစည်းကမ်းအား တစ်သက်တာလုံး လိုက်နာကျင့်သုံးခဲ့၏။



## စပင်ဆာ ဆွေမျိုးဆက်ဇယား



**John Spencer, the first Earl Spencer**

ဒိုင်ယာနာမင်းသမီး၏ မိသားစုသမိုင်းအား နှစ်ပေါင်းငါးရာကျော် ကာလအထိ ခြေရာကောက်နိုင်ပေသည်။

ဂျွန် စပင်ဆာအား ၁၄၅၅ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သိုးကောင်ရေ နှစ်သောင်း ပိုင်ဆိုင်ပြီး မြေဧက ထောင်ပေါင်းများစွာကိုလည်း ပိုင်ဆိုင်ပေရာ အင်္ဂလန်၌ အချမ်းသာ အကြွယ်ဝဆုံးသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။ ၁၅၁၉ ခုနှစ်တွင် အင်္ဂလန်ပြည့်ရှင် အဋ္ဌမမြောက် ဟင်နရီဘုရင်က သူရဲကောင်းဘွဲ့ ချီးမြှင့်ခဲ့ရာ ဆာ ဂျွန် စပင်ဆာ ဖြစ်လာခဲ့သည်။ သူ့ကောင်းဘွဲ့ကို အကြောင်းပြု၍ စပင်ဆာတို့နှင့် ဘုရင်၏ မိသားစုအကြား ဆက်ဆံရေး ထူထောင်နိုင်ခဲ့ရာ ယနေ့တိုင် ခိုင်မြဲနေဆဲ ဖြစ်သည်။

ဆာ ဂျွန် စပင်ဆာ၏ ချမ်းသာကြွယ်ဝမှုနှင့် နယ်မြေပိုင်ဆိုင်မှုတို့အား မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသည်။ စပင်ဆာ ဆွေမျိုးဆက်ဇယားတွင် မှူးကြီးမတ်ကြီးများ၊ မြို့စားနယ်စားများနှင့် စစ်ဗိုလ်ချုပ်ကြီးများ ပါရှိသည်။ ဒိုင်ယာနာ၏ မောင်ဖြစ်သူ ချားလ်စ်သည် နဝမမြောက် အားလ် စပင်ဆာ ဖြစ်ပြီး ဒုတိယမြောက် အဲလ်လီဇဘက်၏ မြေးတော်စပ်သူလည်း ဖြစ်သည်။

အခန်း ၂

## ချစ်အိပ်မက်

ဒိုင်ယာနာ၏ ကလေးဘဝ အချိန်အများစုတို့တွင် သူ၏ မိခင်ကြီးနှင့် ဖခင်ကြီးတို့မှာ အဆင်ပြေပြေ ရှိကြသည်တော့ မဟုတ်ပေ။ ဒိုင်ယာနာ၏ ဖခင်ကြီးသည် ခြံဝင်းအတွင်း တိတ်ဆိတ်ငြိမ်သက်သော နေ့ရက်တို့အား ကုန်လွန်ဖြတ်သန်းခြင်း၊ စာဖတ်ခြင်းနှင့် အမဲလိုက်ခြင်းတို့ဖြင့်သာ ကျေနပ်ရောင့်ရဲလျက် ရှိသည်။ ဒိုင်ယာနာ၏ မိခင်ကြီးမှာ ကျေးလက်ဘဝ၏ ဖြည်းနှေးလှသော အေးဆေး တည်ငြိမ်မှုအား ငြီးငွေ့လျက် ရှိသည်။ ခရီးများသွားလာလိုပြီး စွန့်စားမှုတို့ဖြင့် ဘဝကို ဖြည့်တင်းလိုလျက် ရှိ၏။ ၁၉၆၇ ခုနှစ်အတွင်း ဒိုင်ယာနာ ခြောက်နှစ်သမီးအရွယ်တွင် သူ၏ မိဘနှစ်ပါးတို့သည်






ခွဲခွာနေထိုင်လိုက်ကြ၏။ ဖရန့်စစ္စသည် လန်ဒန်သို့ ပြောင်းရွှေ့သွားခဲ့ပြီး ဂျွန်မှာမူ ပါ့ခ်ဟောက်စ်၌သာ ကျန်နေရစ်ခဲ့၏။ သူ၏ အစ်မများဖြစ်ကြသော ဆာရာနှင့် ဂျိန်းတို့မှာ ကျောင်းအိပ်ကျောင်းစား တက်ရောက်ရသည့် စာသင်ကျောင်းရှိရာ အဝေး၌ပင် ရှိနေကြဆဲ ဖြစ်သည်။

၁၉၆၉ ခုနှစ်အတွင်းတွင် စပင်ဆာတို့ နှစ်ဦး ကွာရှင်းပြတ်စဲလိုက်ကြသည်။ ဒိုင်ယာနာ၏ ဖခင်ကြီးမှာ ရင်သွေးတို့အား ထိန်းသိမ်းစောင့်ရှောက်ခွင့် ရရှိခဲ့သည်။ ဒိုင်ယာနာသည် ရက်သတ္တတစ်ပတ်လျှင် ငါးရက်တာ ဖခင်ကြီးနှင့် နေထိုင်ပြီး ရက်သတ္တပတ်ကုန်ရက်များ၌ မိခင်ကြီးနှင့်အတူ လန်ဒန်တွင် နေထိုင်လေ့ ရှိ၏။

ပါ့ခ်ဟောက်စ် အနီးရှိ စီလ်ဖီးလ်ဒ် စာသင်ကျောင်းတွင် ဒိုင်ယာနာ တက်ရောက် သင်ကြားခဲ့သည်။ သို့သော် ယင်းကာလတို့သည် အာရုံစူးစိုက်ရန် အခက်အခဲ တွေ့နေရသော ကာလများပင် ဖြစ်သည်။ မိဘနှစ်ပါးတို့ ကွာရှင်းပြတ်စဲလိုက်ကြခြင်းသည် များစွာ စိတ်ဓာတ် ကျဆင်းသွားစေခဲ့သည်။ အခြားသော ကျောင်းသူကျောင်းသား အများစုတို့၌ အိမ်ထောင်ရေး မြဲခိုင်နေဆဲဖြစ်သော မိဘများရှိနေကြရာ တစ်မူထူးခြားလျက် ရှိနေသည်ကို ဒိုင်ယာနာ သဘောမတွေ့ပေ။ ရှစ်နှစ်သမီးအရွယ်မျှသာ ရှိပေသေးရာ သူ၏ မိခင်ကြီးနှင့် ဖခင်တို့အား အတူတကွ ပြန်လည် နေထိုင်စေလိုလျက် ရှိသည်။

ဒိုင်ယာနာ ကိုးနှစ်သမီးအရွယ်တွင် ကျောင်းအိပ်ကျောင်းစား တက်ရောက်ရသည့် မိန်းကလေးကျောင်းဖြစ်သော ရစ်ဒဲလ်စဝေါ့သ်ဟောလ် သို့ ပို့လွှတ်လိုက်သည်။ အဆောင်တစ်ခုတွင် နေထိုင်ရပြီး အားလပ်ရက်များနှင့် ရုံဖန်ရံခါ ရက်သတ္တပတ် ကုန်ရက်များ၌သာ အိမ်သို့ ပြန်လာရ၏။ ဒိုင်ယာနာသည် ကခုန်လေ့ရှိပြီး စန္ဒရား တီးခတ်နေလေ့လည်း ရှိသည်။ အားကစားနည်း အမျိုးမျိုးအား ပါဝင်ကစားရသည်ကို ပျော်မွေ့လျက်ရှိပြီး အထူးသဖြင့် ဒိုင်ဗင်ထိုးခြင်းတွင် ထူးချွန်လှသည်။ သို့သော် သူ၏အတန်းတွင်း ရမှတ်တို့မှာ ထူးချွန်လွန်းခြင်း မရှိပေ။ သို့သော် အခြားသူတို့အား ပြုစုစောင့်ရှောက်ရာ၌မူ အကောင်းဆုံး ဖြစ်နေပေသည်။ ကြင်နာဖော်ရွေစွာ နေထိုင်တတ်ရန်ကိုလည်း အပြင်းအထန် အားထုတ်နေခဲ့၏။



၁၉၇၃ ခုနှစ်တွင် သူ၏ အစ်မများ တက်ရောက်ခဲ့ဖူးသည့် ကျောင်းအိပ်ကျောင်းစား တက်ရောက်ရသော ပုဂ္ဂလိက စာသင်ကျောင်းငယ် တစ်ကျောင်းဖြစ်သည့် ဝက်စ်ဟီသ်သို့ ဒိုင်ယာနာ ပြောင်းရွှေ့လာခဲ့သည်။ ရေကူးခြင်းတွင် ထူးချွန်လာအောင် ဆက်လက် လေ့ကျင့်နေခဲ့သည်။ သို့သော် အမှန်တကယ် ကောင်းမွန်သည်မှာ အခြားသူတို့အား ပြုစုစောင့်ရှောက်သည့် ကိစ္စပင် ဖြစ်သည်။ ရက်သတ္တပတ်တိုင်းပင် ဒိုင်ယာနာနှင့် သူငယ်ချင်းတစ်ဦးတို့သည် စာသင်ကျောင်းအနီး၌ နေထိုင်သော အဘွားအိုတစ်ဦးထံသို့ သွားရောက် လည်ပတ်လေ့ ရှိကြ၏။ အိမ်အား သန့်ရှင်းရေး ပြုလုပ်ပေးကြပြီး လက်တိုလက်တောင်း အလုပ်တို့ကို လုပ်ကိုင်ပေးကြကာ အဘွားအိုနှင့် စကားစမြည်ပြော၍ အချိန်ကုန်လွန်လေ့ ရှိကြသည်။ အခြားသော ဝက်စ်ဟီသ် ကျောင်းသူတို့နှင့်အတူ မသန်စွမ်းဆေးရုံသို့လည်း ရက်သတ္တ





တစ်ပတ်လျှင် တစ်ကြိမ် သွားရောက်လေ့ ရှိသည်။ လူနာ အမြောက်အမြား တို့မှာ ဘီးတပ် ကုလားထိုင်တို့ဖြင့် သွားလာ လှုပ်ရှားနေရသူများ ဖြစ်သည်။ နာဖျားမကျန်းဖြစ်နေကြသူတို့ ဝန်းကျင်၌ မည်သို့ မည်ပုံ ပြုမူ ဆောင်ရွက် ရမည်ဖြစ်ကြောင်းကို အချို့သောသူတို့အနေဖြင့် သေချာ ရေရာမှု မရှိကြပေ။ သို့သော် ဒိုင်ယာနာကား တစ်ဦးတစ်ယောက်ချင်းအား လွယ်လင့်တကူ စကားစမြည် ပြောဆိုနေခဲ့၏။ သူ၏ နူးညံ့သိမ်မွေ့သော အပြုအမူတို့ဖြင့် လူသူအများ ပြုံးရွှင်လာအောင် ဖန်တီးပေးခဲ့သည်။ ပုဂ္ဂလိကကျောင်း တက်ရောက်လျက်ရှိသည့် ချမ်းသာကြွယ်ဝသော မိန်းကလေးတစ်ဦးဖြစ်သည့်တိုင် နာဖျားမကျန်းဖြစ်နေကြသူများဟု လည်းကောင်း၊ သူ့ထက် များစွာ အဆင့်အတန်း နိမ့်ပါးသူများဟု လည်းကောင်း လုံးဝ ထင်မြင်ယူဆခြင်း မရှိပေ။ ဆယ်ကျော်သက်အရွယ်လေးပင် ဖြစ်သည့်တိုင် ပြုစုစောင့်ရှောက်ခြင်း၏ သဘောသဘာဝတို့ကို နားလည် သဘောပေါက်နေခြင်း ဖြစ်သည်။

အားလပ်ချိန်များ၌ အမျိုးသား အမျိုးသမီးငယ်လေးတို့ ချစ်ကျွမ်းဝင်ကာ ဘဝတစ်သက်တာ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြသည့်အကြောင်း ရေးဖွဲ့ထားသော အချစ် အလွမ်း ဝတ္ထုတို့အား ဖတ်ရှုရခြင်းကို ဒိုင်ယာနာ နှစ်သက်မြတ်နိုးလှသည်။ တစ်ရက်တာ ချစ်ကျွမ်းဝင်ခြင်းကိုလည်း စိတ်ကူးယဉ် အိပ်မက်မက်နေမိသည်။ သူ၏ အခန်းနံရံထက်ဝယ် ချားလ်စ်

မင်းသား၏ ရုပ်ပုံပိုစတာကြီး တစ်ချပ် ရှိနေသည်။ ကျောင်းရှိ အခြားသော မိန်းကလေးတို့ထံ၌လည်း ချားလ်စ်မင်းသား၏ ရုပ်ပုံပိုစတာများရှိနေကြမြဲ ဖြစ်သည်။ မြူးကြွားကြွရွ နှစ်လိုဖွယ်ကောင်းသော မင်းသားသည် ရုပ်ရည်ချောမောသော ထင်ပေါ်ကျော်ကြားသူတစ်ဦး ဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အင်္ဂလန်နိုင်ငံ၏ ဘုရင်ဖြစ်လာမည့်သူလည်း ဖြစ်သည်။ ဒိုင်ယာနာကား ဆွေကြီးမျိုးကြီး မိသားစုဝင်တစ်ဦးဖြစ်သည့်တိုင် ချားလ်စ်မင်းသားအား ရုပ်ရှင်မင်းသားတစ်ဦး အနေလောက်သာ မြတ်နိုးတန်ဖိုးထားသူ ဖြစ်သည်။

၁၉၇၅ ခုနှစ်အတွင်း ဒိုင်ယာနာ ဆယ့်လေးနှစ်သမီးအရွယ်တွင် သူ၏ အဘိုးဖြစ်သူ သတ္တမမြောက် အားလ် စပင်ဆာမှာ ကွယ်လွန်အနိစ္စရောက် သွားတော့သည်။ ဒိုင်ယာနာ၏ ဖခင်ကြီးသည် အဋ္ဌမမြောက် အားလ် စပင်ဆာ ဖြစ်လာခဲ့သည်။ အင်္ဂလန်နိုင်ငံ နော်သန်တန်ရှိုင်းယားရှိ မိသားစု၏ ရောမဝင်းနှင့် ခြံကြီးရှိရာ အောလ်သရုပ်သို့ စပင်ဆာနှင့် ရင်သွေးတစ်စုတို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ဘိုးအေကြီး ကွယ်လွန်သွားပြီးသည့်နောက် ဒိုင်ယာနာနှင့် သူ၏ အစ်မများသည် 'လေဒီ' ဟူသော ဘွဲ့အမည်အား တစ်ဦးချင်း ဆက်ခံခွင့် ရရှိခဲ့ကြသည်။ ဒိုင်ယာနာ၏ အသက်ဆယ့်တစ်နှစ်အရွယ်သာ ရှိသေးသော မောင်ငယ် ချားလ်စ်သည် ဗိုင်းကောင့် အောလ်သရုပ် ဘွဲ့ခံ မှူးမတ်သစ် နှင့် နဝမမြောက် အားလ် စပင်ဆာ ဖြစ်လာခဲ့သည်။

လေဒီ ဒိုင်ယာနာ ဖြစ်လာသည့်အတွက် ဒိုင်ယာနာသည် စိတ်လှုပ်ရှားလျက် ရှိ၏။ သူ၏ ကလေးဘဝ နေအိမ်မှ ထွက်ခွာလာရမည်ကိုလည်း မပျော်မရွှင်ဖြစ်လျက် ရှိသည်။ သို့နှင့်တိုင် လေဒီ ဒိုင်ယာနာ စပင်ဆာသည် သူ မွေးဖွားခဲ့ရာ ဆွေကြီးမျိုးကြီး အခန်းကဏ္ဍဖြင့်သာ တစ်သက်တာ ဆက်လက် နေထိုင်သွားရပေတော့မည်။

## အောလ်သရုပ်စံအိမ်



အောလ်သရုပ်သည် အင်္ဂလန်နိုင်ငံ လန်ဒန်၏ အနောက်မြောက်ဘက် ခုနစ်ဆယ့်ငါးမိုင် ကွာဝေးသော ခမ်းနား ထည်ဝါသည့် နယ်မြေကြီး ဖြစ်သည်။

ယင်းနယ်မြေကြီးမှာ ဧကပေါင်း တစ်သောင်းလေးထောင်ကျယ် ပြောပြီး မန်ဟတ်တန် ကျွန်းနှင့် အရွယ်အစား ပမာဏ တူညီပေသည်။ အိပ်ခန်းပေါင်း သုံးဆယ့်တစ်ခန်း အပါအဝင် အခန်းပေါင်း ကိုးဆယ် ရှိသည်။ စပင်ဆာ မိသားစုတို့က နှစ်ပေါင်းငါးရာကျော် စုဆောင်းထားခဲ့ကြသည့် ရှားပါး စာအုပ်များ၊ ပန်းချီကားများနှင့် ပရိဘောဂများလည်း ရှိပေသည်။ ယင်းနယ်မြေကြီးအား ဂျွန် စပင်ဆာ ဝယ်ယူပြီးသည့် ၁၅ဝ၈ ခုနှစ်မှ စတင်၍ စပင်ဆာ မျိုးဆက်ပေါင်း ဆယ့်ကိုးဆက် နေထိုင်ခဲ့ကြသည်။ ပိုင်ဆိုင်မှုတို့မှာ သက်ရှိထင်ရှားရှိနေသည့် အသက်အရွယ် အကြီးရင့်ဆုံး အမျိုးသား အမွေဆက်ခံသူမှတစ်ဆင့် မိသားစုသို့ အဆင့်ဆင့် လွှဲပြောင်းပေးအပ်လာကြခြင်း ဖြစ်သည်။

ယနေ့တွင် ဒိုင်ယာနာမင်းသမီး၏ မောင်တော် ချားလ်စ်မှာ အောလ်သရုပ်၏ ပိုင်ရှင် ဖြစ်သည်။ စံအိမ်ကြီး၏ နေရာအတော်များများတို့အား လူထုအတွက် ဖွင့်လှစ်ပေးထားပြီး လာရောက် လည်ပတ်နိုင်သကဲ့သို့ ညဉ့်အိပ်ညဉ့်နေ နေထိုင်နိုင်ကာ ထိမ်းမြား မင်္ဂလာပွဲများပင် ကျင်းပနိုင်ပေသည်။

အခန်း ၃

## စာသင်ကျောင်းနှင့် အထက်တန်းအောင်မြင်ပြီးနောက်ပိုင်း

၁၉၇၇ ခုနှစ် နွေဦးရာသီတွင် အသက်ဆယ့်ငါးနှစ်အရွယ် ဒိုင်ယာနာသည် ကျောင်းအိပ်ကျောင်းစား နေထိုင်ရသည့် စာသင်ကျောင်း၏ နောက်ဆုံးနှစ်ဝက်အတန်းအား ပြီးမြောက် အောင်မြင်သွားခဲ့သည်။ ယင်းအတန်းမှာ အထက်တန်းကျောင်း ပြီးမြောက် အောင်မြင်ခြင်းနှင့် အလားသဏ္ဍာန်တူပေသည်။ သင်္ချာ၊ သိပ္ပံနှင့် သမိုင်းဘာသာရပ်တို့အား ဖြေဆိုရန် ကျန်ရှိနေပေသေးသည်။ ယင်းဘာသာရပ်တို့အား ကောင်းကောင်းမွန်မွန် ဖြေဆိုအောင်မြင်ပါက ကောလိပ်ကျောင်းသို့ တက်ရောက်နိုင်မည် ဖြစ်၏။ စာသင်ကျောင်းတွင် သူ၏ စေတနာ့ဝန်ထမ်း လုပ်ငန်းများအတွက် ဆုချီးမြှင့်ခံခဲ့ရသည့်တိုင် စာမေးပွဲ၌မူ နှစ်ကြိမ်တိုင်တိုင် ကျရှုံးခဲ့ပေသည်။ သို့သော် ဒိုင်ယာနာကား စိတ်မာတ်မကျပေ။ စာသင်ကျောင်း၌ ညံ့ဖျင်းပုံတို့အား သူ့မောင်လေးနှင့်အတူ အရွှန်းဖောက်ကာ ပြောဆိုနေလေ့ ရှိသည်။ သို့သော် ဒိုင်ယာနာသည် ပေလွှားလွှား နေထိုင်တတ်သူ မဟုတ်ပေ။ အတန်းတွင်း၌





ရမှတ် ကောင်းကောင်း မရသည့်တိုင် အခြား ကဏ္ဍပေါင်း မြောက်မြားစွာတို့တွင် ချက်ချာပါးနပ်လှသူ ဖြစ်သည်။

ကောလိပ်ကျောင်း တက်ရောက်ရန် ဆက်လက် အားထုတ်ရမည့်အစား မိန်းကလေးတို့အနေဖြင့် ခေတ်ဆန်သော အသိုင်းအဝိုင်းတွင် မည်သို့ ခေတ်မီမီ ကျင့်ကြံပြုမူရမည်ကို သင်ကြားပို့ချပေးသော စရိတ်စကကြီးသည့် ပုဂ္ဂလိကကျောင်း တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာလာခဲ့သည်။

ယင်းကျောင်း၌ ဒိုင်ယာနာ ပျော်ရွှင်ခြင်း မရှိပေ။ အချက်အပြုတ်၊ အချုပ်အလုပ်တို့ကို သဘောမတွေ့ပေ။ ပြင်သစ်ဘာသာစကား ပြောဆိုလေ့ကျင့်ရန်ကိုပင် တစ်ချိန်လုံးလိုလို မျှော်လင့် စောင့်စားနေတတ်သည်။ လပိုင်းမျှသာ ကြာမြင့်သေးချိန်တွင် အိမ်သို့ ပြန်လာခွင့်ပြုရန် ဖခင်ကြီးနှင့်မိခင်ကြီးတို့အား ဒိုင်ယာနာက အနူးအညွတ် တောင်းပန်ခဲ့သည်။ နောက်ဆုံး၌ နှစ်ဦးနှစ်ဖက် သဘောတူလိုက်ကြ၏။ ဒိုင်ယာနာသည် ဆွစ်ဇာလန်ကျောင်းမှ ထွက်ကာ အင်္ဂလန်သို့ ပြန်လာခဲ့သည်။

ဆယ့်ရှစ်နှစ်သမီးအရွယ်တွင် လန်ဒန်မြို့ အနီးဝန်းကျင်၌ အကောင်းဆုံးသော နေရာတွင် တည်ရှိသော တိုက်ခန်းတစ်ခန်းတွင် မိတ်ဆွေများနှင့် အတူနေထိုင်ရန်အတွက် ပြောင်းရွှေ့လာခဲ့သည်။ သူ၏ မိသားစုသည်



ကြွယ်ဝချမ်းသာလွန်းလှသောကြောင့် ဒိုင်ယာနာ အနေဖြင့် အလုပ်လုပ်ကိုင်ရန် မလိုအပ်ပေ။ သို့သော် ဒိုင်ယာနာသည် အမြဲတစေ အလုပ်ရှုပ်၍နေချင်သူ ဖြစ်၏။ ပုဂ္ဂလိက စာသင်ကျောင်းတစ်ကျောင်း၌ သူငယ်တန်းသင် လက်ထောက်ဆရာမ အလုပ်တစ်ခုကို ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ယခင်က စာသင်ကြားသည့် အလုပ်ကို မလုပ်ဘူးသည့်တိုင် သူ၏ ကြင်ကြင်နာနာ ပြုမူဆက်ဆံတတ်သည့် သဘာဝက ပီတိကျောင်းဆရာမတစ်ဦး ဖြစ်လာအောင် ဖန်တီးပေးခဲ့သည်။ ကလေးသူငယ်များနှင့်အတူ အလုပ်လုပ်ကိုင်ရခြင်းအားလည်း ဒိုင်ယာနာ နှစ်သက်မြတ်နိုးနေမိ၏။

'ကြမ်းပြင်မှာ ထိုင်ရတာတို့၊ ကလေးတွေက သူ့အပေါ် ကျော်ခွတက်ကြတာတို့၊ ကလေးတွေရဲ့ နောက်ကနေ ထိုင်ခုံပုလေးတွေနဲ့ ထိုင်ရတာတို့၊ ကလေးတွေနဲ့ စကားစမြည်ပြောရတာတို့ကို သူ သိပ်ပျော်တယ်' ဟု ဒိုင်ယာနာ၏ အကြောင်းကို စာသင်ကျောင်းပိုင်ရှင်က နောက်ပိုင်း၌ ပြောဆိုခဲ့ဖူးသည်။

ကျောင်းဆရာမအဖြစ် အလုပ်လုပ်ကိုင်နေစဉ်အတွင်းမှာပင် လန်ဒန်၌နေထိုင်သော အမေရိကန် မိသားစုတစ်စုထံတွင် ကလေးထိန်းအဖြစ်လည်း အချိန်ပိုင်းအလုပ် လုပ်ကိုင်ခဲ့သည်။ ကနဦး၌ ဆွေကြီးမျိုးကြီး မိသားစုဝင်တစ်ဦးဖြစ်ကြောင်းကို ယင်းမိသားစုက မသိရှိခဲ့ကြပေ။ ၎င်းတို့၏ တစ်နှစ်အရွယ် သားငယ်လေးအား ပြုစုစောင့်ရှောက်တတ်လွန်းသူ တစ်ဦးအဖြစ်သာ ဒိုင်ယာနာအား သိရှိထားကြသည်။

ညပိုင်းအချိန်များနှင့် ရက်သတ္တပတ်ကုန် ရက်များတွင် မိတ်ဆွေတို့နှင့်အတူ ပါတီပွဲများ တက်ရောက်၍ ဒိုင်ယာနာ အချိန်ဖြုန်းလေ့ ရှိသည်။ လူမှုရေးနှင့် ကုသိုလ်ဖြစ် ကပွဲသဘင်များသို့လည်း တက်ရောက်လေ့ ရှိသည်။ သူ၏ အစ်မကြီးဖြစ်သူ ဂျိန်းသည် ဘုရင်မကြီး၏ ကိုယ်ရေးလက်ထောက်အတွင်းရေးမှူးဖြစ်သူ ရောဘတ် ဖဲလိုးစ်နှင့် ထိမ်းမြား လက်ထပ်လိုက်ပြီ ဖြစ်၏။ စပင်ဆာ မိသားစုတို့အနေဖြင့် တော်ဝင်မိသားစုနှင့် ယခင်ကထက် ပို၍ နီးစပ်ပတ်သက်လာသည့် အနေအထားပင် ဖြစ်သည်။ ဒိုင်ယာနာ တက်ရောက်သော ပါတီပွဲတို့တွင် နိုင်ငံအတွင်းရှိ အကြွယ်ဝ အချမ်းသာဆုံးသောသူ အချို့နှင့် ဩဇာကြီးသောသူ အချို့တို့အား ဆုံတွေ့ခဲ့ရသည်။ ရက်သတ္တပတ်ကုန် ရက်တို့တွင် နောက်အိမ်ထောင်ပြုထားသော ဖခင်ကြီးထံသို့ အလည်အပတ် သွားရောက်ရန်အတွက် အောလ်သရပ်သို့ ခရီးထွက်လေ့ ရှိသည်။ ဒိုင်ယာနာ၏ မိခင်ကြီးမှာ လန်ဒန်၌ပင် နေထိုင်လျက် ရှိသည်။ ဒိုင်ယာနာသည် အမြဲတစေ ချစ်စဖွယ်ကောင်းသော ကောင်မလေး အဖြစ်မှ လှပသော မိန်းမငယ်လေး အဖြစ်သို့ ပြောင်းလဲလာ၏။ ကြင်ကြင်နာနာ ရှိလှပြီး ပေါ့ပေါ့ပါးပါး နေထိုင်တတ်သော အပြုအမူကြောင့် ဒိုင်ယာနာ၏ အနီးဝန်းကျင်၌ ရှိနေကြသူတို့မှာ သက်သောင့်သက်သာ ဖြစ်လျက် ရှိသည်။ 'ထိုင်မိပြီဆိုတာနဲ့ ရယ်မောအောင် လုပ်တော့တာပဲ' ဟု မိတ်ဆွေတစ်ဦးက ပြောပြခဲ့ဖူးသည်။



ဒိုင်ယာနာသည် ငယ်ရွယ်နုပျိုပြီး ပူပင်ကြောင့်ကြမဲ့စွာ နေထိုင်တတ်သူဖြစ်ပြီး အလွန်အမင်း သူ လေးစားလှသည့် ပုဂ္ဂိုလ်တို့မှာလည်း သူ့ဝန်းကျင်မှာပင် ရှိနေပေသည်။ သူ့ဘဝတွင် အပျော်ရွှင်ဆုံးကာလ တစ်ခုကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနေခဲ့ရသည်။

## ခေတ်ဆန်သောအသိုင်းအဝိုင်း၌ ဝင်ဆန့်စေရန် သင်ကြားပေးသည့် ကျောင်း



ယင်းသို့သော ကျောင်းမျိုးကို အမေရိကန်ပြည်ထောင်စုတွင် ဆွဲဆောင်နိုင်သည့် အရည်အချင်း ဖြည့်တင်းပေးသည့် ကျောင်းဟု ခေါ်တွင်ပြီး မွန်ရည်သော အမျိုးသမီးလေးများ ဖြစ်လာစေရေးအတွက် မည်သို့မည်ပုံ ပြုမူနေထိုင်ကြရမည်ကို ချမ်းသာကြွယ်ဝသည့် မိန်းကလေးတို့အား သင်ကြားပြသပေးသော ကျောင်း ဖြစ်သည်။ ကျောင်းသူလေးများသည် အချက်အပြုတ်၊ အချုပ်အလုပ်၊ စားပွဲတည်ခင်းပုံနှင့် သပ်ရပ် ကြော့ရှင်းသော ပါတီပွဲတစ်ပွဲအား ခင်းကျင်း တင်ဆက်ပုံတို့ကို လေ့လာ သင်ယူကြရသည်။ ကျောင်း၏ တကယ့် ရည်ရွယ်ချက်မှာ အမျိုးသမီးငယ်လေးများအား ကြွယ်ဝချမ်းသာသည့် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်တို့နှင့် ထိမ်းမြား လက်ထပ်နိုင်ရန် ပြင်ဆင်ပေးခြင်းပင် ဖြစ်သည်။ ကျောင်းသင်ပညာရေးဆုံးခန်းတိုင်ပြီးသည့်နောက် အထက်တန်းလွှာ ဇနီးမယား ဖြစ်လေအောင် မှန်ကန်သည့် အပြုအမူများ၊ လူမှုဆက်ဆံရေးများအား သင်ယူရန် လိုအပ်သည်ဟု အမျိုးသမီးလေးများက ယူဆထားကြသည်။

သို့သော် အမျိုးသမီးအများစုတို့မှာ ချမ်းသာကြွယ်ဝသော သူတို့နှင့် လက်ထပ်လိုခြင်း သက်သက်မျှ မဟုတ်ပေ။ ထိုသူတို့နည်းတူ ကံကြမ္မာအခွင့်အလမ်းတို့အား ရယူပိုင်ဆိုင်လိုကြသည်။ ယနေ့ခေတ်တွင် ယင်းသို့သော ကျောင်းပေါင်းများစွာတို့သည် အဆင့်မြင့် ပညာသင်ကြားပေးရာ ကျောင်းအိပ်ကျောင်းစား စာသင်ကျောင်းများအဖြစ်သို့ ပြောင်းလဲသွားခဲ့ကြ၏။

အခန်း ၄

## ချားလ်စ်

၁၉၈၀ ပြည့်နှစ် ဇူလိုင်လအတွင်းတွင် ကျေးလက်ဒေသရှိ မိတ်ဆွေတစ်ဦး၏ နေအိမ်၌ ရက်သတ္တပတ် အားလပ်ရက်တွင် လာရောက် နေထိုင်ရန် အသက်ဆယ့်ကိုးနှစ်အရွယ် ဒိုင်ယာနာအား ဖိတ်ကြားခဲ့ကြသည်။ ယင်း ရက်သတ္တပတ်အတွင်း၌ အနီးအနားရှိ ပန်းခြံတွင် ပိုလို ကစားလျက်ရှိသော ချားလ်စ်မင်းသားအား ဒိုင်ယာနာနှင့် အပေါင်းအသင်းတစ်စုတို့က သွားရောက်ကြည့်ရှုခဲ့ကြသည်။

ချားလ်စ်မင်းသား၏ တရားဝင်ဘွဲ့အမည်မှာ တော်ဝင် အိမ်ရှေ့မင်းသား ချားလ်စ် ဖိလစ် အာသာ ဂျော့ချ်၊ ဝေလမင်းသား ဟူ၍ ဖြစ်ပြီး ကမ္ဘာပေါ်၌ အရည်အချင်း အပြည့်မီဆုံးသော လူပျိုကာလသားတစ်ဦးလည်း



ဖြစ်သည်။ နေရာဒေသအသီးသီးရှိ အမျိုးသမီးတို့က ချားလ်စ်မင်းသားနှင့် လက်ဆက်လိုလျက် ရှိ၏။ မြူးကြွား ကြွရွ နှစ်လိုဖွယ်ကောင်းသော သက်တော် သုံးဆယ့်တစ်နှစ်အရွယ် မင်းသား၏ ဓာတ်ပုံများ နှင့် ဓာတ်လမ်း အဖုံဖုံတို့အား သတင်းစာများ၊ မဂ္ဂဇင်းများနှင့် ရုပ်မြင်သံကြား သတင်းအစီ အစဉ် တို့တွင် နေ့စဉ် ဖော်ပြ ထုတ်လွှင့်လျက် ရှိ၏။ ကျန်းမာကြံ့ခိုင် ဖျတ်လတ်ပြီး တော်ဝင် ရေတပ် မတော်၌ ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူး ခြင်းတို့ကြောင့် 'တက်တက်ကြွကြွ လှုပ်ရှားနေ တတ်သူ' ဟုလည်း ချစ်စနိုး ခေါ်တွင်ခြင်းခံရသူ ဖြစ်သည်။ မင်းသားအနေဖြင့် လေယာဉ်တစ်စီး အား ရဲရဲရင့်ရင့် မောင်းနှင်ပျံသန်းနေပုံ သို့ တည်းမဟုတ် လေထီးခုန်နေပုံတို့အား ဓာတ် ပုံရိုက်ကူးခံလေ့ရှိခြင်းကြောင့် ယင်းသို့ ခေါ် တွင်ကြခြင်းလည်း ဖြစ်ဟန်တူသည်။ မည်သူ မည်ဝါနှင့် မင်းသား ချိန်းဆိုတွေ့ဆုံမှုကြောင်း အသေးစိတ် အချက်အလက်တို့ကိုလည်း သတင်း စာများ၌ ရေးသား ဖော်ပြလေ့ ရှိသည်။ မင်းသား သည် စရိုက် အမျိုးမျိုး အထွေထွေရှိသည့် အမျိုး သမီး အတော်များများနှင့် ချိန်းဆို တွေ့ဆုံနေဟန် ရှိ၏။ ဘုရင်လောင်းလျာ၏ မိဖုရားမှာ မည်သူမည် ဝါ ဖြစ်ကြောင်း လူတိုင်းက သိရှိလိုလျက် ရှိသည်။



ပိုလို ပြိုင်ပွဲပြီးသည့်နောက် ဒိုင်ယာ နာ၊ ချားလ်စ်နှင့် အခြားသော မိတ်ဆွေများ သည် အိမ်အပြင်၌ အသားကင်၍ ပိုင်းဖွဲ့ စားသောက်ပွဲ ဆင်နွှဲကြ၏။ မြက်ခင်းထက်ဝယ် နှစ်ဦး အတူ ထိုင်ရင်း ချားလ်စ်နှင့် ဒိုင်ယာနာတို့ စကားစမြည် စတင် ပြောဆို ဖြစ်ကြသည်။ များမကြာမီကပင် ကွယ်လွန်သွားသည့် မင်းသား၏ ဦးရီး တော်အတွက် စိတ်မကောင်းဖြစ်မိပါကြောင်းဖြင့် ဒိုင်ယာနာက ချားလ်စ်



အား ပြောဆိုခဲ့သည်။ ချားလ်စ်သည် သူ၏ ဦးရိုးတော်နှင့် အနေနီးစပ်လွန်းသူ ဖြစ်သည်။ သူ၏ ခံစားမှုတို့အား ဒိုင်ယာနာက စိတ်ဝင်တစား ရှိကြောင်းကို ချားလ်စ် ထိထိခိုက်ခိုက် ဖြစ်နေမိသည်။ ညနေခင်း အချိန် အတော်နှောင်းသည့်တိုင်အောင် နှစ်ဦးသား စကားပြောဖြစ်ကြသည်။ လာမည့် ရက်သတ္တပတ်အတွင်း ချိန်းဆို တွေ့ဆုံခွင့်ပြုပါရန် ချားလ်စ်က ဒိုင်ယာနာအား မေတ္တာရပ်ခံလိုက်သည်။ နောက်ပိုင်း၌လည်း ပို၍ ပို၍ ချိန်းဆို တွေ့ဆုံဖြစ်ခဲ့ကြသည်။ တော်ဝင်ရွက်လှေတစ်စင်းဖြစ်သည့် ဗြိတန်နီးယားပေါ်တွင် ကျင်းပသည့် ပါတီပွဲသို့လည်း ချားလ်စ်က ဒိုင်ယာနာအား ဖိတ်ကြားခဲ့သည်။ များမကြာမီ ရက်သတ္တပတ်ကုန် တစ်ရက်တွင် တော်ဝင်ရဲတိုက်ကြီး တစ်ခုသို့ လာရောက် လည်ပတ်ရန် ဖိတ်ကြားခဲ့ပြန်သည်။

ဒိုင်ယာနာသည် အစ်မဖြစ်သူ ဂျိန်း၊ ခဲအိုဖြစ်သူ ရောဘတ်တို့နှင့် အတူ နေထိုင်လျက် ရှိ၏။ ရောဘတ်တွင် ဘော်လ်မိုရယ် ရဲတိုက်ဝင်း အတွင်း၌ တစ်ထပ်တိုက်တစ်လုံး ရှိသည်။ ရက်သတ္တပတ်အတွင်း နေ့ရက်များ၌လည်း ချားလ်စ်သည် ဒိုင်ယာနာထံသို့ အကြိမ်ပေါင်းများစွာ ဖုန်းခေါ်ဆိုခဲ့သည်။

'ချားလ်စ်က ကျွန်မဆီ ဖုန်းဆက်လေ့ရှိပြီး 'လမ်းလျှောက်ထွက်ကြမလား၊ အသားကင် လာစားမလား' စသည်ဖြင့် မေးလေ့ ရှိပါတယ်။ ကျွန်မ

ကလည်း 'ရပါတယ်' လို့ ပြောလိုက်တာချည်းပါပဲ။ သူ ပြောသမျှ တအံ့တသြ ဖြစ်စရာတွေချည်းပဲလို့ ကျွန်မ ယူဆထားခဲ့တာပါ' ဟု နောက်ပိုင်းတွင် ဒိုင်ယာနာက ပြောပြခဲ့ဖူးသည်။

ချားလ်စ် သွားရာ နေရာတိုင်းသို့ တကောက်ကောက် လိုက်လျက်ရှိသော သတင်းထောက်တို့သည် များမကြာမီတွင် ဒိုင်ယာနာအား သတိပြုမိလာကြ၏။ ချားလ်စ်နှင့် ချိန်းဆို တွေ့ဆုံလျက်ရှိခြင်းကြောင့်လည်း ဒိုင်ယာနာ၏ သတင်းတို့သည် မျက်နှာဖုံးသတင်းများ ဖြစ်လာကြတော့၏။ စက်တင်ဘာလ အစောပိုင်းတွင် 'သည်ဆန်း' အမည်ရှိ ဗြိတိသျှသတင်းစာကြီးက ချားလ်စ်အကြောင်း သတင်းတစ်ပုဒ်အား စာလုံးကြီးများဖြင့် အောက်ပါအတိုင်း ခေါင်းစီးတင် ဖော်ပြလာသည်။

'ချစ်ကျွမ်းဝင်ကြပြန်ချေပြီ။ ချားလ်စ်အတွက် ချစ်သူသစ် လေဒီဒိုင်' ဟူ၍ ဖြစ်သည်။

နေ့မကူးမီမှာပင် ဒိုင်ယာနာသည် ကမ္ဘာတစ်ဝန်း ကျော်ကြားသွားတော့၏။ မင်းသားက ချိန်းဆို တွေ့ဆုံရန် ရွေးချယ်ခဲ့ခြင်းကြောင့် ဒိုင်ယာနာသည် အစစအရာရာ ပြီးပြည့်စုံကောင်းမွန်သူတစ်ဦး ဖြစ်သည် ဟူ၍လည်း လူတိုင်းက ယူဆထားကြ၏။ လှပကြော့ရှင်းသော သူငယ်တန်းပြဆရာမလေးအကြောင်း အလုံးစုံတို့အားလည်း သိရှိလိုကြသည်။ လန်ဒန်သို့ ဒိုင်ယာနာ ပြန်ရောက်ချိန်တွင် ဓာတ်ပုံဆရာတို့သည် သူ သွားလေရာ





နောက် တကောက်ကောက် လိုက်ပါကြကာ ဓာတ်ပုံများ ရိုက်ကူးကြတော့၏။ ဓာတ်ပုံဆရာတို့အား ရှောင်၍ပင် မလွတ်တော့ချေ။

'သတင်းသမားတွေဟာ ကျွန်မ သွားတဲ့ နောက်ကို သည်းမခံနိုင်လောက်အောင် တကောက်ကောက် လိုက်နေကြတော့တာပဲ' ဟု ဒိုင်ယာနာက ပြောဆိုခဲ့ဖူးသည်။ 'ကျွန်မကို မျက်စိ ဒေါက်ထောက် ကြည့်နေကြတာလေ'။

မလိုလားအပ်သော အာရုံစိုက်မှုများရှိနေကြသည့်တိုင် ဒိုင်ယာနာကား ချစ်ကျွမ်းဝင်မိပေပြီ။ တစ်ချိန်တစ်ခါက အိပ်ခန်းနံရံထက်၌ ချိတ်ဆွဲထားရှိခဲ့သော ပိုစတာတွင်းမှ ဗြိတိန်နိုင်ငံ၏ ဘုရင်လောင်းလျာသည် သူ၏ ချစ်သူ ဖြစ်နေပေပြီ။ ချိန်းဆို တွေ့ဆုံကြပြီးသည့်နောက် ခြောက်လကျော်ကြာမြင့်လာသည့်အခါ ချားလ်စ်က ထိမ်းမြား လက်ထပ်ခွင့် တောင်းခံလာလိမ့်မည်ဟု ဒိုင်ယာနာက မျှော်လင့်နေခဲ့သည်။

၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်တွင် တော်ဝင်စံနန်းတော်တို့အနက်တစ်ခုဖြစ်သော ဝင်ဆာ ရဲတိုက်ကြီး၌ ဖယောင်းတိုင်မီးသာ ထွန်းညှိထားသည့် ညစာစားပွဲ တက်ရောက်ရန်အတွက် ချားလ်စ်က ဒိုင်ယာ

နာအား ဖိတ်ကြားခဲ့သည်။ နှင်းလျှောစီး အပန်းဖြေခရီး ထွက်သွားခဲ့သည့် ချားလ်စ်က မည်၍မည်မျှ လွမ်းဆွတ်တသလျက်ရှိကြောင်း ဒိုင်ယာနာအား ပြောဆိုခဲ့သည်။ ထို့နောက် သူ့အား ထိမ်းမြား လက်ထပ်ခွင့်ပြုပါရန် မေတ္တာ ရပ်ခံလိုက်တော့သည်။ ဒိုင်ယာနာကလည်း ပျော်ပျော်ရွှင်ရွှင်ဖြင့် 'ကျွန်မ သဘောတူပါတယ်ရှင်' ဟု ပြောဆိုကာ လက်ခံလိုက်တော့သည်။

## တော်ဝင်စံအိမ်ကြီးများ

ဗြိတိသျှတော်ဝင်မိသားစုတို့သည် နေရာ မြောက်မြားစွာတို့အား 'စံအိမ်' ဟု ခေါ်ဝေါ်လေ့ ရှိကြ၏။

ဘုရင်မကြီး စံမြန်းရာ နယ်မြေလေးခုနှင့် သီးသန့်တော်ဝင်စံအိမ် ပေါင်းလေးခု ရှိသည်။ ဘုရင်မကြီး စံမြန်းရာ နယ်မြေတို့အား ဗြိတိသျှ အစိုးရက ပိုင်ဆိုင်ပေသည်။ လန်ဒန်ရှိ ဘက်ကင်ဟမ်နန်းတော်၊ ဗြိတိသျှ ကျေးလက်ဒေသရှိ ဝင်ဆာရဲတိုက်၊ စကော့တလန် အီဒင်ဘာ့ဂ်ရှိ ဟိုးလီး ရုဒ်ဟောက်စ် နန်းတော်နှင့် မြောက်အိုင်ယာလန်ရှိ ဟီးလ်စ်ဘိုရိုးရဲတိုက် တို့ ဖြစ်သည်။



**Buckingham Palace**




**Balmoral Castle**

ယင်းစံအိမ်တော်များအနက် ဘက်ကင်ဟမ်နန်းတော်မှာ အကျော်ကြားဆုံး ဖြစ်သည်။ ၁၈၃၇ ခုနှစ် ကတည်းက လန်ဒန်၌ တော်ဝင်မိသားစု စံမြန်းရာ နေရာအဖြစ် သတ်မှတ်ခဲ့သည်။ ဘက်ကင်ဟမ် နန်းရင်ပြင်သို့ ကမ္ဘာလှည့်ခရီးသည်ပေါင်း ဆယ့်ငါးသန်းကျော် နှစ်စဉ်လာရောက် လည်ပတ်လေ့ ရှိသည်။

သီးသန့် တော်ဝင်စံအိမ် လေးခုအား ဘုရင်မကြီးက ပိုင်ဆိုင်ပြီး ခရစ္စမတ်ကာလအတွင်း တော်ဝင်မိသားစုတို့ စံမြန်းကြသည့် အင်္ဂလန်နိုင်ငံ နောဖော့ခ်ရှိ စန်ဒရင်ဂမ် စံအိမ်၊ စကော့တလန်ရှိ အက်ဘာဒင်းရှိုင်းယား အရပ်၌ တည်ရှိပြီး နွေရာသီလများ၌ တော်ဝင်မိသားစုတို့ စံမြန်းကြသည့် ဘော်လ်မိုရယ်ရဲတိုက်၊ ခရီဂိုဝမ် အိမ်ရာနှင့် ဒယ်လ်နာဒန့်ပ် အိမ်ရာတို့ ဖြစ်သည်။

## ပိုလိုကစားခြင်း



ပိုလိုသည် သက်တမ်းကြာရှည်နေပြီဖြစ်သည့် အစုအဖွဲ့နှင့် ကစားရသော အားကစားနည်းတစ်ရပ် ဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ ကစားလေ့ရှိကြသည့်တိုင် ဂရိတ်ဗြိတိန်၌ ရေပန်းအစားဆုံးသော အားကစားနည်း ဖြစ်၏။

မြင်းစီး၍ ကစားရသော အားကစားနည်းဖြစ်ပြီး တစ်ဖက်လျှင် ကစားသမားလေးဦးစီ ပါရှိသည်။ ကိုက်သုံးရာ အကျယ်အဝေးရှိ ပြိုင်ဘက်အသင်း၏ ဂိုးပေါက်အတွင်းသို့ ဘောလုံးအား ရိုက်သွင်းနိုင်ရေးအတွက် ကစားသမားတိုင်းသည် လက်ရိုက်တံရှည်ကြီး တစ်ခုအား သုံးစွဲကြရသည်။ ဂိုးအများဆုံး သွင်းယူနိုင်သည့် အဖွဲ့က အနိုင်ရရှိပေသည်။ ပိုလိုပွဲစဥ်တို့သည် နှစ်နာရီဝန်းကျင် ကြာမြင့်လေ့ရှိရာ မြင်းတို့သည် မြန်မြန်ဆန် မောပန်းနွမ်းနယ်သွားလေ့ ရှိကြ၏။ ကစားသမားတို့သည် ပွဲစဥ်တစ်ခုအတွင်း မြင်းပုလေးနှစ်ကောင် သို့မဟုတ် သုံးကောင်မျှ ပြောင်းလဲ၍ စီးနင်းကြရလေ့ရှိသည်။

အခန်း ၅

## ထိမ်းမြားလက်ထပ်မင်္ဂလာ



တော်ဝင်မိသားစု၏ လန်ဒန် စံအိမ်တော်ဖြစ်သော အခန်းပေါင်း ခြောက်ရာရှိ ဘက်ကင်ဟမ်နန်းတော် ဥယျာဉ်အတွင်း၌ ထိမ်းမြား မင်္ဂလာဆောင်နှင်းမည့် အစီအစဉ်တို့အား ဒိုင်ယာနာနှင့် ချားလ်စ်တို့က ကမ္ဘာတစ်ဝန်းလုံးသို့ ဖေဖော်ဝါရီလ ၂၄ ရက်တွင် အသိပေး ကြေညာခဲ့ကြသည်။ စေ့စပ်ကြောင်းလမ်းခြင်းနှင့် ပတ်သက်၍ သတင်းထောက်တို့က မေးမြန်းကြရာ ချားလ်စ်

နှင့် ဒိုင်ယာနာတို့ နှစ်ဦးလုံး စိတ်လှုပ်ရှားနေကြဟန် ရှိသည်။ စိန်များ ရံထားသည့် နီလာ လက်ထပ်လက်စွပ်အားလည်း ဒိုင်ယာနာက ပြသခဲ့သည်။ ၎င်းတို့ ချစ်မေတ္တာ သက်ဝင်ကြပါသလောဟု သတင်းထောက်တစ်ဦးက မေးမြန်းရာ 'သိပ်ချစ်တာပေါ့ရှင်' ဟု ဒိုင်ယာနာက ရက်ပြုံးပြုံးကာ ဖြေကြားခဲ့သည်။ ချားလ်စ်ကမူ သူ၏ စိတ်ခံစားမှုတို့အား လူထု ပရိသတ်ရှေ့မှောက်၌ ပြောဆိုခဲ့ဖူးခြင်း အလျှင်း မရှိပေ။ ယင်းမေးခွန်းသည် သူ့အတွက် ကလေးကလားဆန်လှပြီး ကသိကအောက် ဖြစ်နေဟန် ရှိသည်။ 'ချစ်ကျွမ်းဝင်တယ်လို့ပဲ ဆိုကြပါစို့ရဲ့' ဟု ချားလ်စ်က တုံ့ပြန် ဖြေကြားခဲ့သည်။ ချားလ်စ်၏ အဖြေသည် အူကြောင်ကြောင်နိုင်လှသည်ဟု အချို့က ယူဆကြ၏။ မင်းသားသည် ဒိုင်ယာနာနှင့် အမှန်တကယ် ချစ်ကျွမ်းဝင်နေပါ၏လောဟုလည်း သိရှိလိုလျက် ရှိကြ၏။

ခွတီးခွကျနိုင်လှသော ကြေညာချက်ဖြစ်သည့်တိုင် နောက်နှစ်ရက်အကြာတွင် ဘက်ကင်ဟမ်နန်းတော်အတွင်းရှိ သူ့အတွက် သီးသန့်အခန်းများရှိရာသို့ ဒိုင်ယာနာ ပြောင်းရွှေ့လာခဲ့သည်။ ဒိုင်ယာနာ အနေဖြင့် သူ၏ ချွေးမတော်ဖြစ်လာတော့မည်ကို ဒုတိယ အဲလိဇဘက်ဘုရင်မကြီးက ပီတိဖြစ်လျက် ရှိသည်။ ချားလ်စ်မင်းသားအနေဖြင့် ထိမ်းမြား မင်္ဂလာဆောင်နှင်းရမည့်ကာလ ကျရောက်နေပြီဟု ဘုရင်မကြီးက ယူဆထားပြီး ဖြစ်သည်။ အရေးပါ အရာရောက်သော မိသားစုတစ်စုမှ ငယ်ရွယ်ပြီး ချစ်





စဖွယ်ကောင်းသူလေးအား မင်းသားက ရွေးချယ်လိုက်သည့်အတွက်လည်း ဘုရင်မကြီးက ဝမ်းမြောက်လျက် ရှိသည်။ ဒိုင်ယာနာနှင့် ပတ်သက်၍ 'တို့တစ်တွေရဲ့ အသိုင်းအဝိုင်းထဲကပါပဲ' ဟု မိတ်ဆွေတစ်ဦးထံသို့ ပေးစာတစ်စောင် ရေးသားရာတွင် ဘုရင်မကြီးက ထည့်သွင်း ရေးသား ဖော်ပြခဲ့သည်။

မင်းမှုထမ်းတို့၏ ကူညီဆောင်ရွက်မှုနှင့် ဘုရင်မကြီး၏ ထောက်ပံ့မှုတို့ဖြင့် ဒိုင်ယာနာသည် ထိမ်းမြား လက်ထပ်ပွဲအတွက် အစီအမံတို့ကို ချက်ချင်း စတင် လုပ်ဆောင်တော့သည်။ လက်ထပ်ပြီးစ ဇနီးမောင်နှံ အနေဖြင့် သူနှင့် ချားလ်စ်တို့ နေထိုင်ကြမည့် ကျေးလက်စံအိမ်တစ်လုံးအားလည်း မွမ်းမံပြင်ဆင်ကာ ဒိုင်ယာနာ အလုပ်ရှုပ်လျက် ရှိသည်။ များမကြာမီတွင် ချားလ်စ်သည် ဩစတြေးလျားနှင့် နယူးဇီလန်နိုင်ငံများသို့ ရက်သတ္တပါးပတ်ကြာ တရားဝင် အလည်အပတ်ခရီး ထွက်ခွာသွားခဲ့သည်။ ချားလ်စ် မရှိခြင်းကြောင့် ဒိုင်ယာနာမှာ အထီးကျန်ဝေဒနာကို ခံစားနေခဲ့ရသည်။ လန်ဒန်ရှိ တိုက်ခန်းတွင် အတူတကွ နေထိုင်ခဲ့ကြသော မိတ်ဆွေများအားလည်း လွမ်းဆွတ်တမ်းတလျက် ရှိသည်။


'ကျွန်မရဲ့ သူငယ်ချင်းတွေကို သိပ်လွမ်းဆွတ်နေခဲ့တာပါ' ဟု ဒိုင်ယာနာက ပြောဆိုခဲ့ဖူးသည်။ 'အဲဒီနေရာကို ပြန်သွားချင်မိတယ်။ အတူ

ထိုင်ရင်း တခစ်ခစ် ရယ်လိုက်ကြ၊ အဝတ်အစားတွေ ငှားဝတ်လိုက်ကြ၊ ပေါက်တတ်ကရတွေ ပြောလိုက်ကြနဲ့ နေချင်မိတယ်'။

ထိမ်းမြား မင်္ဂလာဆောင်နှင်းရေး အစီအစဉ်တို့ဖြင့် စိတ်ဖိစီးမှုရှိနေသည့်တိုင် မင်္ဂလာပွဲကြီး မကျင်းပမီ ညအား ပျော်ပျော်ရွှင်ရွှင်ပင် ဖြတ်သန်းကျော်လွှားခဲ့၏။ မင်းမှုထမ်းတစ်ဦး၏ စက်ဘီးပေါ်သို့ ခုန်တက်ကာ လှည့်ပတ်စီးနင်းရင်း 'မနက်ဖြန်တော့ ဝေလမင်းသားနဲ့ လက်ထပ်ရတော့မယ်ဟေ့' ဟု သီချင်းလုပ် သီဆို ဟစ်ကြွေးနေခဲ့သည်။

ထိမ်းမြား မင်္ဂလာပွဲကျင်းပသည့် ၁၉၈၁ ခုနှစ် ဇူလိုင်လ ၂၉ ရက်အား ဂရိတ်ဗြိတိန်တွင် နိုင်ငံတော်ရုံး ပိတ်ရက်အဖြစ် ကြေညာခဲ့သည်။ စိန့်ပေါလ်ဝတ်ကျောင်းတော်ကြီးတွင် ချားလ်စ်မင်းသားနှင့် စုလျားရစ်ပတ်ရန်အတွက် မှန်ရထားလုံးတွင် စီးနင်းလိုက်ပါလာသော ဒိုင်ယာနာအား မြင်တွေ့ရစေရန် လန်ဒန်ရှိ လမ်းများပေါ်တွင် လူထောင်ပေါင်းများစွာ တန်းစီစောင့်ဆိုင်းလျက် ရှိသည်။ ကမ္ဘာတစ်ဝန်းရှိ လူသန်းပေါင်း ၇၅၀ တို့သည် မင်္ဂလာပွဲအခမ်းအနားအား ရုပ်မြင်သံကြားမှ ကြည့်ရှုခဲ့ကြသည်။





မင်္ဂလာပွဲ စတင်ချိန်တွင် ဒိုင်ယာနာသည် ဖခင်ကြီး၏ လက်မောင်းအား ဆုတ်ကိုင်ကာ ဘုရားရှိခိုးကျောင်းရှိ မင်းလမ်းရှည်ကြီးတစ်လျှောက် လျှောက်လှမ်းလာခဲ့သည်။ သူ၏ သက်ရှိထင်ရှား မင်းသားရှေ့မှောက်ရောက်ရှိသောအခါ 'သိပ်လှတာပဲကွယ်' ဟု ချားလ်စ်က ဒိုင်ယာနာအား တိုးတိုးလေး ပြောဆိုလိုက်သည်။ အခမ်းအနား ကျင်းပနေစဉ်အတွင်း သတို့သားနှင့် သတို့သမီးတို့မှာ စိတ်လှုပ်ရှားနေမိကြသည်။ သူတို့နှစ်ဦးအား တစ်ကမ္ဘာလုံးက စောင့်ကြည့်နေကြသည်လေ။ သို့သော် နှစ်ဦးအပြန်အလှန် တိုင်တည် သစ္စာပြုပြီးကြသည်နှင့် အပြုံးပန်းများ ဝေဆာစွာဖြင့် လက်ချင်းချိတ်ကာ မင်းလမ်းရှည်ကြီးအတိုင်း လျှောက်လှမ်းလာခဲ့ကြသည်။

အခမ်းအနား ပြီးဆုံးသည့်နောက်တွင် လက်ထပ်ပြီးစ ဇနီးမောင်နှံတို့သည် ဘက်ကင်ဟမ်နန်းတော် လသာဆောင်၌ ရပ်ကာ လမ်းပေါ်၌ စီတန်းလျက်ရှိသည့် လူထောင်ပေါင်းများစွာတို့အား လက်များ ဝှေ့ယမ်း၍ နှုတ်ဆက်ခဲ့ကြသည်။ လမ်းပေါ်မှ လူထုကလည်း ဗြိတိသျှအလံတို့ကို ဝှေ့ယမ်းကာ 'ချစ်တယ်' ဟု ဟစ်အော်ကြသည်။ ဒိုင်ယာနာနှင့် ချားလ်စ် တို့သည် တစ်ဦးနှင့် တစ်ဦး နမ်းရှုတ်လိုက်ကြကာ အထူးဧည့်သည်တော် ၁၂၀ တို့နှင့်အတူ မင်္ဂလာအခမ်းအနား ကျင်းပရန်အတွက် နန်းတော်တွင်းသို့ ဝင်ရောက်သွားကြသည်။ ငါးပေမြင့်သည့် မင်္ဂလာကိတ်မုန့်ကြီး အပါအဝင် မင်္ဂလာကိတ်မုန့် အမျိုးအစားပေါင်း နှစ်ဆယ့်ခုနစ်မျိုးဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။



ဇနီးမောင်နှံသည် တော်ဝင်ရွက်လှေဖြင့် မြောက်အာဖရိက ကမ်းရိုးတန်းတစ်လျှောက် ပျားရည်ဆမ်း ခရီးထွက်ခဲ့ကြသည်။ ပျားရည်ဆမ်းခရီးဟုပင် ခေါ်ဆိုရန် ခက်လှသော အပျော်ခရီးစဉ်လည်း ဖြစ်သည်။ အိမ်ရှေ့မင်းသားနှင့် ကြင်ရာတော်တို့သည် လူပေါင်းနှစ်ရာ ပါရှိသော အဖွဲ့ကြီးဖြင့် ခရီးထွက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ပျားရည်ဆမ်းခရီးနှင့် တစ်ဆက်တည်းပင် စကော့တလန်ရှိ ဘော်လ်မိုရယ် ရဲတိုက်ကြီးသို့ သွားရောက်ခဲ့ကြသည်။ ၎င်းတို့ဇနီးမောင်နှံသည် ဘုရင်မကြီးနှင့် ကြင်ရာတော် ဖိလစ်မင်းသားကြီးတို့နှင့်အတူ ညစဉ်ညတိုင်း ညစာ အတူ သုံးဆောင်ခဲ့ကြသည်။

'ကျွန်မတို့ရဲ့ ကိုယ်ပိုင် သီးသန့် အချိန်ရယ်လို့ လုံးဝ မရှိပါဘူးရှင်' ဟု ဒိုင်ယာနာက နောက်ပိုင်း၌ ပြောဆိုခဲ့ဖူးသည်။ 'လက်ခံဖို့ အင်မတန်ခက်ခဲတဲ့ အခြေအနေမျိုးပါ'။

ဝေလမင်းသမီး အသစ်ဟု လူသိများနေပြီဖြစ်ရာ တော်ဝင်မိသားစုဝင်တစ်ဦးအဖြစ် များစွာ လေ့လာရမည်ကို လည်းကောင်း၊ ညှိနှိုင်းဆောင်ရွက်မှုပေါင်းများစွာအား လုပ်ဆောင်ရမည်ကို လည်းကောင်း ဒိုင်ယာနာနားလည်သဘောပေါက်ထားပြီး ဖြစ်သည်။

## ဒိုင်ယာနာ၏ မင်္ဂလာဝတ်စုံ



ဒိုင်ယာနာ၏ မင်္ဂလာဝတ်စုံသည် ကမ္ဘာပေါ်၌ အကျော်ကြားဆုံးသော ဝတ်စုံ တစ်စုံ ဖြစ်သည်။ ဒေးဗစ်နှင့် အီလိဇဘက် အီမန်ဈေးဝယ်တို့က ပုံစံထုတ် ဒီဇိုင်းရေးဆွဲခဲ့ကြပြီး ခုနစ်ဆယ့်ငါးပေ ရှည်လျားသော ဆင်စွယ်ရောင် ပိုးတုထည်ဖြင့် ဖန်တီးကာ ပုလဲလုံးနှင့် ဘော်ကြယ်ပေါင်း တစ်သောင်းတို့အား ယင်းပိုးထည်ပေါ်၌ ချုပ်လုပ်ထားသည်။ ဝတ်စုံ၌ ဒရွတ်တိုက်ပါရှိနေမည့် နှစ်ဆယ့်ငါးပေ ရှည်လျားသည့် ရေသီနား တပ်ဆင်ထားသည်။ တော်ဝင် ထိမ်းမြား မင်္ဂလာသဘင် သမိုင်း၌ အရှည်လျားဆုံးသော ရေသီနားလည်း ဖြစ်သည်။ ဝတ်စုံ၌ အမြတ်၊ အကွပ်၊ ဖောင်းတို့ နေရာတွင် ဇာပန်းထည် အသုံးပြုခြင်းမှာ နှစ်ပေါင်း ငါးရာနီးပါး သက်တမ်းကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ၁၅၅၀ ပြည့်နှစ်ကာလများက အင်္ဂလန်ဘုရင်မကြီး ပထမမြောက် မေရီက စတင် သုံးစွဲခဲ့ခြင်း ဖြစ်သည်။ ကံကောင်းစေရန်အတွက် ဝတ်စုံ၏ ခါးပိုင်းတွင် စိန်စီထားသော မြင်းခွာ တစ်ခုအား ထည့်သွင်း ချုပ်လုပ်ထားလေ့ ရှိသည်။

အခန်း ၆

## မင်းသမီးလေး

အင်္ဂလန်အိမ်ရှေ့မင်းသား၏ ကြင်ရာတော်အဖြစ် ဒိုင်ယာနာမှာ နိုင်ငံတကာ အသိုင်းအဝိုင်း၌ ထင်ပေါ်ကျော်ကြားလာတော့သည်။ လူထုကြားသို့ သူ့ဘာသာသူ တစ်ယောက်တည်း သွားသွားလာလာ လုပ်နိုင်ခြင်း မရှိပေ။ လူထုပရိသတ်တို့သည် ပန်းစည်းလက်ဆောင်များ တစ်စည်းပြီး တစ်စည်း အတောမသတ်နိုင်လောက်အောင် လက်ဆောင်ပေးနေကြသည်။ မဂ္ဂဇင်းများနှင့် သတင်းစာများ ရောင်းအားတက်စေရေးအတွက် သူ့ဓာတ်ပုံများအား ရိုက်ကူးရန် ဓာတ်ပုံဆရာတို့က အားထုတ်လျက် ရှိသည်။ ကမ္ဘာတစ်





ဝန်း၌ အတွေ့ရ အများဆုံးသော မျက်နှာပိုင်ရှင်တစ်ဦးအဖြစ်သို့ ရုတ်တရက် ရောက်ရှိသွားတော့သည်။ ယင်းအခြေအနေသည် ဒိုင်ယာနာအား စိတ် ပင်ပန်းစေသည်သာမက စိတ်ကသိကအောက်လည်း ဖြစ်စေခဲ့၏။

'ခုမိနစ်ပိုင်းမှာ ကျွန်မဟာ သာမန် သူလို ကိုယ်လိုပါပဲ။ နောက် မိနစ်ပိုင်းကျတော့ ဝေလမင်းသမီး ဖြစ်သွားရော။ အချိန်ပိုင်းလေးမှာပဲ လူ တစ်ယောက်တည်းက အများကြီး ဖြစ်နေတာလေ' ဟု ဒိုင်ယာနာက နောက် ပိုင်းတွင် ပြောပြခဲ့ဖူးသည်။

တစ်ခါတစ်ရံ၌ လူထုပရိသတ်တို့ကြားတွင် ဒိုင်ယာနာသည် ဦး ခေါင်းငုံ့ကာ ခါးတို့ကို ညွတ်ကိုင်း၍ နေလေ့ ရှိ၏။ သတင်းစာဆောင်းပါး ရှင်တစ်ဦးက 'ရှက်ရွံ့တတ်သောဒိုင်' ဟု ခေါ်ဝေါ်သုံးစွဲခဲ့ရာ ချစ်စနိုး ခေါ် ဝေါ်ကြသည့် အမည်အဖြစ် တွင်သွားတော့၏။ အိမ်ရှေ့မင်းသား၏ ကြင်ရာ တော်မှာ ထိုအချိန်က အသက်နှစ်ဆယ်သာ ရှိပေသေးသည်။

ချားလ်စ်သည် သူ့ဘဝတစ်လျှောက်လုံး မင်းသားအဖြစ် နေထိုင်ခဲ့ သူ ဖြစ်၏။ ထင်ပေါ်ကျော်ကြားသူ တစ်ဦးအဖြစ် ပြုမူ ဆက်ဆံခံရခြင်းအား လည်း အသားကျနေသူ ဖြစ်သည်။ သို့သော် သူ၏ ကြင်ရာတော် အနေ ဖြင့် ရေပန်းစားလာသည်ကိုမူ အံ့အားတသင့် ဖြစ်ခဲ့ရသည်။ ဒိုင်ယာနာမှာ မင်းသမီးတစ်ပါး ဖြစ်နေသည် မှန်သော်လည်း အထူးတလည် ချစ်ခင် မြတ်နိုးခြင်းခံနေရသော မင်းသမီး ဖြစ်နေပေသည်။ ဆွေးနွေးပျူငှာပြီး

ချစ်စဖွယ် ရုပ်ရည်သွင်ပြင်ရှိသူဖြစ်ရာ လူထုပရိသတ်တို့က မြတ်မြတ်နိုးနိုး ချစ်ခင်ကြသည်။ လူထုပရိသတ်တို့အား နှုတ်ဆက်ရာတွင်လည်း ၎င်းတို့အား မျက်နှာချင်းဆိုင်ကာ လက်တို့အား ဆွဲကိုင် လှုပ်ယမ်း၍ နွေးနွေးထွေးထွေး ပြုံးပြတတ်သည်။ တွေ့မြင်နိုင်ခွင့်ရရန် ဆုတောင်းမိသည်ဟုပင် မျက်မမြင်တစ်ဦးက ဒိုင်ယာနာအား ပြောဆိုခဲ့ဖူးသည်။ မျက်နှာပုံပန်းမည်သို့ရှိမည်ကို မျက်မမြင်ကြီး သိရှိသွားနိုင်ရေးအတွက် တုံ့ဆိုင်းခြင်းမရှိဘဲ လက်ကို ကိုင်ကာ သူ့မျက်နှာအား ပွတ်သပ် ကြည့်ရှုစေခဲ့သည်။ ဘီးတပ် ကုလားထိုင်ဖြင့် သွားလာနေသော ကလေးများအား လည်းကောင်း၊ နာဖျားမကျန်းဖြစ်နေသူတို့အား လည်းကောင်း ဒိုင်ယာနာက ပွေ့ဖက်နှုတ်ဆက်လေ့ ရှိသည်။

ဒိုင်ယာနာနှင့် ချားလ်စ်တို့ ထိမ်းမြား လက်ထပ်ခြင်း မပြုမီက ယင်းသို့သော အပြုအမူတို့အား တော်ဝင်မိသားစုတို့ လုပ်ဆောင်ခြင်း မရှိခဲ့ကြဘူးပေ။ မိသားစုသည် တသီးတသန့်သာ နေထိုင်ခဲ့ကြပြီး တည်တည်ငြိမ်ငြိမ်ဖြင့် ခမ်းကြီးနားကြီး လုပ်ဆောင်ရမည်တို့ကိုသာ ဆောင်ရွက်လေ့ ရှိကြ၏။ လူထုပရိသတ်နှင့် ခပ်လှမ်းလှမ်း နေထိုင်သွားလာလေ့ရှိပြီး ယဉ်ယဉ်ကျေးကျေး လက်ဝှေ့ယမ်းပြခြင်းဖြင့်သာ နှုတ်ဆက်လေ့ ရှိသည်။ ဒိုင်ယာနာသည်လည်း ထိုနည်းအတိုင်း လိုက်နာမည်ဟု မျှော်လင့်ထားခဲ့ကြသည်။ သို့သော် ဒိုင်ယာနာကား လူထုပရိသတ်အား နှုတ်ဆက်ရာ၌ ကြင်နာမှုပေါင်းများစွာ ထားရှိကြောင်း ပြသနေခဲ့ပေပြီ။





တစ်ချိန်တည်းမှာပင် သူသည် အိမ်ရှေ့မင်းသားဖြစ်သည့်တိုင် လူထုပရိသတ်တို့အား ကြင်ရာတော်က ပိုမို ဆွဲဆောင်နိုင်ပေသည်ဟု ချားလ်စ်က ပြက်လုံးထုတ်ခဲ့ဖူးသည်။ 'ခုတော့ ကျွန်တော့် နေရာကို သိသွားပါပြီ' ဟု ချားလ်စ်က ပြောဆိုခဲ့ဖူးသည်။ 'ကျွန်တော်ဟာ ဇနီးသည်အတွက် ပန်းသယ်ပေးသူ သက်သက်ထက် ဘာမှ မပိုပါဘူး'။

၁၉၈၁ ခုနှစ် အောက်တိုဘာလ အတွင်း၌ ကိုယ်ဝန် လွယ်ထားရပြီဖြစ်ကြောင်း ဒိုင်ယာနာ သိရှိလာခဲ့သည်။ သူတို့နှစ်ဦးလုံး ရင်ခုန် စိတ်လှုပ်ရှားနေမိကြသည်။ ကိုယ်ဝန်လွယ်ထားရခြင်းက အချိန်အတော်များများတွင် ပင်ပန်းနွမ်းနယ်လွန်းလှသည်ဟု ဒိုင်ယာနာအား ခံစားနေမိစေ၏။ သို့နှင့်တိုင် တရားဝင်ဖိတ်ကြား ကျင်းပသော ညစာစားပွဲများနှင့် ဆန်းဆန်းပြားပြား တော်ဝင်အခမ်းအနားတို့ကိုမူ တက်ရောက်နေဆဲ ဖြစ်သည်။ တစ်ခါတစ်ရံတွင် အခမ်းအနားတို့မှ စောစီးစွာ ပြန်သွားတတ်ပြီး တစ်ခါတစ်ရံ၌လည်း အခမ်းအနားတွင် ငိုက်မျဉ်းနေတတ်သည်။ မည်သို့ပင်ဖြစ်စေ မင်းသမီးသည် အခြားသော တော်ဝင်မိသားစုတို့နှင့် အသွင်အပြင် ကွဲပြားလွန်းလျက်ရှိခြင်းကြောင့် လူထုပရိသတ်တို့မှာ မင်းသမီးအား ပို၍ပင် သဘောကျ နှစ်ခြိုက်နေမိကြသည်။



၁၉၈၂ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ဒိုင်ယာနာသည် ဝီလျံ အာသာ ဖိလစ် လူးဝစ္စ အမည်ရှိ သားရင်သွေး မင်းသားလေးအား ဖွားမြင်ခဲ့သည်။ ဝီလျံသည် ထီးမွေနန်းမွေ ဆက်ခံရမည့်သူပင် ဖြစ်သည်။

ဘုရင်မကြီးသည်လည်း ပီတိ ဝေဖြာလျက် စိတ်လှုပ်ရှားနေမိသည်။ နှစ်လတာ ကာလပတ်လုံး ချားလ်စ်နှင့် ဒိုင်ယာနာတို့အား လူထုပရိသတ်ကြား၌ မြင်တွေ့ခဲလှ၏။ မွေးဖွားပြီးစ ရင်သွေးလေးအား ပြုစု စောင့်ရှောက်ကာ စံအိမ်တော်၌သာ အချိန်ကုန်လွန်နေခဲ့ကြသည်။



ဝီလျံအား မွေးဖွားပြီးချိန်မှ အစပြု၍ မိခင်ကြီးထက် ပို၍ ဂရုတစိုက်ရှိသော မိဘတစ်ဦး ဖြစ်လိုစိတ်သာ ဒိုင်ယာနာ၌ ကိန်းအောင်းလျက် ရှိသည်။ သူ့ လိုအပ်သမျှတို့အား ဆောင်ရွက်ပေးကြမည့် တော်ဝင်မင်းမှုထမ်းအထိန်းတော်များရှိသည်ကို ဒိုင်ယာနာ သိရှိထားသည့်တိုင် သားတော်လေး၏ ဘဝတွင် အရေးပါ အရာရောက်ဆုံးသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လိုလျက် ရှိ၏။ ဒိုင်ယာနာသည် ဝီလျံအား ပွေ့ဖက်နမ်းရှုပ်ကာ အချိန်အတော်များများ ကုန်လွန်လျက် ရှိသည်။ ချားလ်စ်နှင့်အတူ တရားဝင် ခရီးစဉ်များ သွားရောက်ရာ၌လည်း ဝီလျံအား ခေါ်ဆောင်သွားလေ့ ရှိသည်။ ယင်းသို့ ရင်သွေးလေးအား ခေါ်ဆောင်သွားခြင်းသည်ပင်လျှင် အသစ်အဆန်း ဖြစ်လျက် ရှိသည်။ ယခင်ကမူ တော်ဝင်မိသားစုမှ ကလေးငယ်များသည် စံအိမ်တော်၌သာ နေထိုင်ကြရပြီး အထိန်းတော်တို့၏ ပြုစုစောင့်ရှောက်မှုကိုသာ ခံယူကြရလေ့ ရှိသည်။

ဝီလျံ မွေးဖွားပြီးနောက် တစ်နှစ်ကျော်ခန့် အကြာတွင် ဒိုင်ယာနာ၌ ကိုယ်ဝန်ရှိလာပြန်သည်။ မင်းသား 'ဟင်နရီ' ဟု လူသိများသော ဟင်နရီ ချားလ်စ် အဲလ်ဘတ် ဒေးဗစ်အား ၁၉၈၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ဖွားမြင်ခဲ့သည်။ တော်ဝင်မိသားစုဝင်တစ်ဦးဦးနှင့် ထိမ်းမြား လက်






ထပ်ကြသည့်သူများနည်းတူ ဒိုင်ယာနာသည်လည်း တော်ဝင်တို့ နည်းနာများနှင့် လိုက်လျောညီထွေဖြစ်အောင် နေထိုင်ခဲ့ရသည်။ သို့သော် သူ၏ ရင်သွေးနှစ်ဦးအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာကိုကား လုံးဝ အထိပါး မခံနိုင်အောင်ဖြစ်လျက် ရှိသည်။

## ဆက်ခံမှုအစဉ်အလာ



ဂရိတ်ဗြိတိန်၏ ထီးမွေနန်းမွေဆက်ခံသူသည် ဘုရင် သို့မဟုတ် ဘုရင်မ ဖြစ်လာပေမည်။ ဆက်ခံမှု အစဉ်အလာ ဟုခေါ်တွင်သော စည်းမျဉ်းစည်းကမ်းတို့အပေါ် အခြေခံ၍ ယင်းပုဂ္ဂိုလ်အား ရွေးချယ်ခြင်း ဖြစ်သည်။ ယင်းစည်းမျဉ်းစည်းကမ်းတို့မှာ ၁၆၀၀ ပြည့်နှစ်တို့၏ နှောင်းပိုင်းနှင့် ၁၇၀၀ ပြည့်နှစ်တို့၏ အစောပိုင်းတွင် ဗြိတိသျှဥပဒေ ဖြစ်လာခဲ့သည်။

ဆက်ခံမှုအစဉ်အလာ ဥပဒေအရ ဝေလမင်းသား ချားလ်စ်သည် သူ၏ မိခင်ကြီးဖြစ်သူ ဒုတိယမြောက် အဲလ်လိဇဘက်ဘုရင်မကြီး ကံတော်ကုန်ပါက ယူနိုက်တက်ကင်းဒမ်းအား ဦးဆောင်ဦးရွက်ပြုရမည့်သူ ဖြစ်သည်။ သူ၏ သားတော်မောင် ကင်းဘရစ်ချ် မြို့စားမင်းသား ဝီလျံသည် ချားလ်စ် အနိစ္စရောက်သော် ဘုရင်ဖြစ်လာမည့်သူ ဖြစ်သည်။ ဝီလျံ၏သားဖြစ်သူ ကင်းဘရစ်ချ်မင်းသား ဂျော့ချ်မှာလည်း အနာဂတ်ကာလ၌ ဘုရင်ဖြစ်မည့်သူ ဖြစ်၏။

ဂျော့ချ်၏ ညီမငယ်ဖြစ်သူ ကင်းဘရစ်ချ်မင်းသမီးလေး ရှားလော့ထ်မှာ ထီးမွေနန်းမွေ ဆက်ခံရန်အတွက် စတုတ္ထမြောက် နေရာတွင် ရှိနေပြီး တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဘုရင်မကြီး ဖြစ်ကောင်း ဖြစ်လာနိုင်ပေသည်။

အခန်း ၇

## ရည်မှန်းချက်ကြီးသောမင်းသမီး



ဒိုင်ယာနာနှင့် ချားလ်စ်တို့သည် သားရင်သွေးနှစ်ဦးစလုံးအား ချစ်မြတ်နိုးကြသည့်တိုင် ၎င်းတို့ အချင်းချင်း ချစ်မြတ်နိုးမှုမှာမူ ပြဿနာများ ရှိနေခဲ့ကြ၏။ သူတို့နှစ်ဦးကား ကွဲပြားခြားနားလွန်းသူများ ဖြစ်ကြသည်။ ချားလ်စ်သည် စာဖတ်ခြင်း၊ မြေခွေး အမဲလိုက်ထွက်ခြင်းနှင့် ပိုလိုကစားခြင်းတို့ဖြင့် ပျော်မွေ့လျက် ရှိသည်။ ယင်းသို့သော စိတ်ဝင်စားမှုတို့အား ဒိုင်ယာနာက မျှဝေခံစားနိုင်ခြင်း မရှိပေ။ ဖက်ရှင်ပြပွဲများသို့ သွားရောက်ခြင်း၊ တေးဂီတတို့အား နားသောတဆင်ခြင်း၊ မိတ်ဆွေရင်းချာများ၊ မိသားစုများနှင့် အချိန်ကုန်လွန်ခြင်းတို့ဖြင့်သာ ဒိုင်ယာနာတစ်ယောက် ပျော်မွေ့နေပေသည်။ တစ်ခါတစ်ရံ၌ ချားလ်စ်နှင့် ချားလ်စ်၏ မိသားစုတို့ ဝန်း

ကျင်တွင်ရှိနေကြသည့်တိုင် ဒိုင်ယာနာသည် အထီးကျန်ဖြစ်လျက် ရှိ၏။ ဘုရင်မကြီး၏ မိတ်ဆွေရင်း တစ်ဦးဖြစ်ပြီး ဒိုင်ယာနာ၏ ဘွားအေကြီး လည်းဖြစ်သူ ရှသ်က 'သူတို့ ပြောဆိုနေကြတဲ့ ရယ်စရာ မောစရာတွေ၊ နေထိုင်မှု ဘဝဟန်ပန်တွေဟာ ကွဲပြားကြတယ်ဆိုတာကို သမီး နားလည် သဘောပေါက်ထားရမယ်။ သမီးနဲ့ အံဝင်ခွင်ကျ ဖြစ်လိမ့်မယ်လို့တော့ အဘွား မထင်ပါဘူး' ဟု ဒိုင်ယာနာအား ပြောဆိုခဲ့ဖူးသည်။

ဒိုင်ယာနာသည် ချားလ်စ်ထက် အသက်ဆယ့်သုံးနှစ် ပို၍ ငယ်ရွယ်သူ ဖြစ်သည်။ ဒိုင်ယာနာသည် ပျော်ပျော်ရွှင်ရွှင် နေထိုင်လို၏။ သီးသန့် ဒီဇိုင်းဖန်တီးသူက စွဲမက်ဖွယ်ကောင်းအောင် ချုပ်လုပ်ထားသည့် ဝတ်စုံ တို့ကိုသာ ဆင်မြန်းလေ့ ရှိသည်။ ကြည့်လိုက်သည်နှင့် ပို၍ ခေတ်ဆန် ကြော့မော့သော ဆံပင်တိုတိုကို ညှပ်လေ့ ရှိသည်။ သူ လှုပ်ရှားဆောင်ရွက် သမျှတို့အား စာနယ်ဇင်းသမားတို့က သတိပြုမိကြကာ သတင်းများ ရေးသား ဖော်ပြလျက် ရှိသည်။ လူထုပရိသတ်ကြားသို့ သွားရောက်သည့် နေရာ တိုင်း၌ ဓာတ်ပုံ အရိုက်ခံရသည်ချည်း ဖြစ်၏။ ၁၉၈၀ ပြည့်နှစ်တို့၏ အလယ် ပိုင်းကာလတွင်ပြုလုပ်သော အမေရိကန်စစ်တမ်းတစ်ခုအရ 'ကမ္ဘာပေါ်၌ ရေပန်းအစားဆုံးသော အမျိုးသမီး' အဖြစ် မဲပေးရွေးချယ်ခြင်း ခံခဲ့ရသည်။





အဆိုတော် မိုက်ကယ် ဂျက်ဆင်၊ အယ်လ်တန် ဂျွန်နှင့် ရုပ်ရှင်မင်းသား မင်းသမီးပေါင်း မြောက်မြားစွာ အပါအဝင် ထင်ပေါ်ကျော်ကြားသူများနှင့် မိတ်ဆွေ ဖြစ်လာသည်။ ၁၉၈၅ ခုနှစ်တွင် သမ္မတကြီးနှင့် မစ္စက် ရေဂင်တို့က ချားလ်စ်နှင့် ဒိုင်ယာနာတို့အား အိမ်ဖြူတော်သို့ ဖိတ်ကြားခဲ့ရာတွင် ဒိုင်ယာနာသည် ရုပ်ရှင်မင်းသား ဂျွန် ထရာဗိုလ်တာနှင့်အတူ ကခုန်ခဲ့သည်။ မင်းသမီး၏ အိမ်ဖြူတော်၌ ကခုန်သည့် ဓာတ်ပုံများနှင့် ဗီဒီယိုများသည် ကမ္ဘာတစ်ဝန်း၌ ချက်ချင်း လူကြိုက်များ ရေပန်းစားသွားခဲ့၏။ ထိုညနေက ဒိုင်ယာနာ ဝတ်ဆင်ခဲ့သော အပြာရင့်ရောင် ကတ္တီပါ ဝတ်စုံသည်လည်း 'ထရာဗိုလ်တာ ဝတ်စုံ' အဖြစ် လူသိများလာခဲ့သည်။

ယင်းကာလမှာပင် ဂီအန်နီ ဗာဆက် ကဲ့သို့သော ထင်ပေါ်ကျော်ကြားသည့်ဖက်ရှင် ဒီဇိုင်းဖန်တီးသူ အမြောက်အမြားတို့နှင့်လည်း ဒိုင်ယာနာ ရင်းနှီးကျွမ်းဝင်လာခဲ့သည်။ ဒိုင်ယာနာအတွက် ဝတ်စုံများ ဖန်တီးပေးရခြင်းကို ဂီအန်နီကလည်း နှစ်ခြိုက်လှသည်။ သူ၏ ဒီဇိုင်းတို့အား ဒိုင်ယာနာ ဝတ်ဆင်လိုက်သည်နှင့် သူ၏ အမည်အား နေရာတကာ၌ သတိပြုမိကြမည်ဟုလည်း ဂီအန်နီက သိရှိထားခဲ့သည်။ 'ထရာဗိုလ်တာ ဝတ်စုံ'




Gianni Versace

ကဲ့သို့ပင် ဒိုင်ယာနာ၏ ဝတ်စုံများနှင့် ဖက်ရှင်လောကမှ ဒိုင်ယာနာ၏ မိတ်ဆွေများသည်လည်း မြန်မြန်ဆန်ဆန် ကျော်ကြားလွန်းမက ကျော်ကြားသွားနိုင်ခြေ ရှိပေသည်။



ဒိုင်ယာနာသည် သူ တက်ရောက်သမျှသော ပွဲလမ်းသဘင်တိုင်း အတွက် ဝတ်စုံသစ်များအား ပုံစံထုတ် ဒီဇိုင်း ရေးဆွဲ ချုပ်လုပ်စေခဲ့သည်။ ရင်သပ်ရှုမော အံ့သြလောက်စရာ ဝတ်စုံများ၊ ယင်းတို့အား ဝတ်ဆင်လိုက်သည်နှင့် မည်၍မည်မျှ လှပ တင့်တယ်သွားကြောင်းတို့ကို ဒိုင်ယာနာ၏ ပရိသတ်များနှင့် မိတ်ဆွေများက ရွှန်းရွှန်းဝေအောင် ပြောဆို ရေးသား ဖော်ပြနေကြသည်။ သူ၏ ပုံစံထုတ် ဒီဇိုင်း ရေးဆွဲ ချုပ်လုပ်ပေးကြသူများ၏ အကူအညီဖြင့် ဒိုင်ယာနာသည် သက်ရှိထင်ရှား အမျိုးသမီးများထဲတွင် ဆွဲဆောင်မှု အရှိဆုံးနှင့် စွဲမက်ဖွယ် အကောင်းဆုံးသော အမျိုးသမီးတစ်ဦး ဖြစ်လာတော့၏။

ချားလ်စ် အနေဖြင့် တော်ဝင်လုပ်ငန်းဆောင်တာတို့အား ဆောင်ရွက်နေချိန်တွင် ဒိုင်ယာနာသည် ဝီလျံနှင့် ဟင်နရီ တို့ဖြင့်သာ အချိန်အတော် များများ ကုန်ဆုံးလျက် ရှိ၏။ အပန်းဖြေဥယျာဉ်ကဲ့သို့သော နေရာများသို့ အပျော်စီးတိုထွက်ရာ၌ ဒိုင်ယာနာနှင့် ရင်သွေးလေးများသည် ချားရဟတ် စီးနင်းရန်အတွက် အများနည်းတူ တန်းစီစောင့်ဆိုင်းလေ့ ရှိကြ၏။ သားလေးများအား ဟမ်ဘာဂါ ဝယ်ကျွေးလေ့ရှိပြီး ဂျင်းဘောင်းဘီနှင့် ဘေ့စ်ဘောဦးထုပ်တို့ ကဲ့သို့သော ထသွားထလာ ဝတ်စုံတို့ကိုသာ ဝတ်ဆင် ပေးလေ့ ရှိသည်။ သူ၏ ရင်သွေးလေးများအား 'သာမန်' လူထုနှင့် တတ်နိုင်သမျှ နီးစပ်ကြီးပြင်းလေအောင် မရမက အားထုတ် လုပ်ဆောင်နေခြင်းလည်း ဖြစ်သည်။ သူ၏ သားရင်သွေးလေးများအား ကြွယ်ဝချမ်းသာသည့် တော်ဝင်



မိသားစုဝင်များအဖြစ်သာမကပဲ လူထုအား ဆောင့်ရှောက်ကာ မေတ္တာထားတတ်သည့် အတွေ့အကြုံ ရင့်ကျက် နားလည်သဘောပေါက်မှုမျိုးကို လိုလား တောင့်တနေခြင်း ဖြစ်သည်။

သားတော်မောင်တို့ စံနမူနာ ဖြစ်စေရေးအတွက်လည်း ဒိုင်ယာနာသည် ပရဟိတအလုပ်တို့အတွက် အချိန် ပို၍ ပေးလာခဲ့သည်။ သက်ကြီးရွယ်အိုများ၊ နာဖျားမကျန်း ဖြစ်နေကြသူများနှင့် ဆင်းရဲနွမ်းပါးသူတို့အား အကူအညီပေးရခြင်းကို ကျောင်းသူဘဝကတည်းကပင် ဒိုင်ယာနာ ပျော်






မွေ့နေခဲ့သည်။ ယခုလည်း ကြိုးစားပမ်းစား လုပ်ဆောင်နေပြန်၏။ ဂျာမနီ၊ အာဖရိက၊ ဂျပန် စသည်ဖြင့် ကမ္ဘာအနှံ့သို့ ခရီးထွက်ကာ ငွေကြေး လှူဒါန်းကြရန်နှင့် ပရဟိတ အလုပ်များ ဆောင်ရွက်ရန် အရေးအကြီးဆုံးသော အချိန်ကျရောက်နေပြီဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ခဲ့သည်။ ဆေးရုံရှိ လူနာများ၊ ဝေဒနာ ခံစားနေရသူများနှင့် ပြုံးပြုံးရွှင်ရွှင် ပြောဆိုလျက် ရှိသည့် ဒိုင်ယာနာ၏ ဓာတ်ပုံများ ပေါ်ထွက်လာရာ အခြားသူများအနေဖြင့် ထောက်ပံ့ ကူညီလိုစိတ်များ ပေါက်ဖွားလာကြတော့သည်။ ဒိုင်ယာနာအကြောင်း ရေးသားထားသည့် မဂ္ဂဇင်းဆောင်းပါး တစ်ပုဒ်တွင် 'ရည်မှန်းချက်ကြီးသော မင်းသမီး' ဟုပင် သူ့အား ခေါ်ဝေါ်သုံးစွဲခဲ့သည်။ ၁၉၈၀ ပြည့်နှစ်များ အတွင်း၌ပင် အေအိုင်ဒီအက်စ်သည် ကမ္ဘာ့ကပ်ရောဂါကြီး

တစ်ခု ဖြစ်လာခဲ့၏။ လူပေါင်းမြောက်မြားစွာတို့သည် အေအိုင်ဒီအက်စ် လူနာများအား ထိကိုင်ရန်ကိုပင် ကြောက်ရွံ့ထိတ်လန့်လျက် ရှိသည်။ ရောဂါကူးစက်နိုင်ခြေရှိသည်ဟု ယူဆထားကြခြင်းကြောင့်လည်း လူနာများ အနီးအနားသို့ပင် သွားရောက်ခြင်း မပြုကြပေ။

၁၉၈၇ ခုနှစ်တွင် ဗြိတိသျှ ဆေးရုံ တစ်ရုံ၌ ပထမဆုံးသော ဌာန တစ်ခု ဖွင့်လှစ်ရာတွင် ဒိုင်ယာနာက ကူညီခဲ့သည်။ အေအိုင်ဒီအက်စ် ဝေဒနာရှင်တို့အား အချိန်ပြည့် ပြုစုကုသပေးရန်အတွက် ဖြစ်သည်။ ဆေးရုံသို့လည်း သွားရောက် လည်ပတ်ကာ လူနာများအား နှစ်သိမ့်အားပေးခဲ့သည်။ ယင်းသို့ သွားရောက်ခြင်းအား လူထု ပရိသတ်တို့က အံ့အားတသင့် ဖြစ်ခဲ့ရ၏။ ‘သူတို့ကို လက်ဆွဲ နှုတ်ဆက်နိုင်ပါတယ်။ ပွေ့ဖက်နိုင်ပါတယ်။ သူတို့ ဘာလိုအပ်နေတယ် ဆိုတာကို ကောင်းကင်ဘုံက သိပြီးသားပါရှင်’ ဟုလည်း ဒိုင်ယာနာက ရှင်းပြခဲ့သည်။



ဒိုင်ယာနာနှင့် ချားလ်စ်တို့သည် အတူတကွ အချိန်ကုန်ခဲလာကြတော့၏။ ချားလ်စ်သည် စီးပွားရေးဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ကာ ကမ္ဘာအနှံ့တရားဝင် ခရီးလှည့်လည်နေခဲ့သည်။ ဒိုင်ယာနာသည် ဆေးရုံများရှိ လူနာများထံသို့ သွားရောက်ကာ သူ လုပ်ဆောင်လိုသည့် ပရဟိတလုပ်ငန်းတို့အား ရန်ပုံငွေ မတည်ပေးလျက် ရှိသည်။ လက်ထပ် ထိမ်းမြားထားသည်မှာ ခြောက်နှစ်တာ ကာလတိုလေးဖြစ်သည့်တိုင် အတူနေထိုင်လျက်ရှိကြသော တော်ဝင်ဇနီးမောင်နှံတို့သည် စိတ်လက်မချမ်းမသာ ဖြစ်နေကြဟန် တူရှိပေသည်။ သတင်းစာ သတင်းထောက်တို့ကလည်း သတိပြုမိကြရာ ဒိုင်ယာနာနှင့် ချားလ်စ်တို့၏ ကောလာဟလအမျိုးမျိုး အဖုံဖုံတို့မှာ စတင် ပျံ့နှံ့လာကြတော့၏။ နတ်သမီးပုံပြင် ဆန်လှသော အိမ်ထောင်ရေးမှာ ပြိုကွဲတော့မည်ဟုပင် ယူဆလာကြတော့သည်။

## အေအိုင်ဒီအက်စ်



ခုခံအားကျဆင်းလျော့နည်းသည့် ရောဂါ ဖြစ်သည်။ အိတ်ချ်အိုင်ဗီ ဗိုင်းရပ်စ်ကြောင့် ရောဂါဖြစ်ပွားခြင်း ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် အေအိုင်ဒီအက်စ် ရောဂါဖြင့် သေဆုံးခြင်းအား သာမန်ဖြစ်ရိုးဖြစ်စဉ် သေဆုံးမှုဟုသာ ယူဆခဲ့ကြသည်။ မည်သို့ ကာကွယ်တားဆီးရမည်ကို လည်းကောင်း၊ မည်သို့ ကုသပေးရမည်ကို လည်းကောင်း ဆရာဝန်များလည်း နားလည်သဘောပေါက်ခြင်း မရှိခဲ့ကြပေ။

ကုသနည်းစနစ်အား သိပ္ပံပညာရှင်တို့က ဆက်လက် ရှာဖွေနေချိန်တွင် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ဝေဒနာရှင်တို့အား ပြုစုကုသ အကူအညီပေးရေးနှင့် ရောဂါလက္ခဏာတို့အား ထိန်းချုပ်ရန်တို့အတွက် ဆေးဝါးများ ရှိနေပေပြီ။

အခန်း ၈

## တစ်ကိုယ်တည်း

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဒိုင်ယာနာနှင့် ချားလ်စ်တို့သည် အိန္ဒိယ နိုင်ငံသို့ နှစ်ဦးအတူ အလည်အပတ် ခရီးထွက်ခဲ့ကြ၏။

ချားလ်စ်သည် သူ၏ တရားဝင်စီးပွားရေး ကိစ္စရပ်တို့အတွက် သွားရောက်ခဲ့ခြင်းဖြစ်ပြီး ဒိုင်ယာနာမှာမူ အိန္ဒိယနိုင်ငံရှိ ဆင်းရဲနွမ်းပါးသူတို့ထံ အလည်အပတ် သွားရောက်ခြင်း ဖြစ်သည်။ သေကောင်ပေါင်းလဲ ဖြစ်နေကြသူတို့အတွက် ဂေဟာဖွင့်လှစ်ထားသော သူ၏ သူရဲကောင်းတစ်ဦးဖြစ်သူ မာသာ ထရီဆာနှင့်လည်း ဆုံတွေ့ရန် အခွင့်အရေးတစ်ရပ် ရှိနေသည်။ မာသာ ထရီစာ၏ ကွယ်လွန်ဆုံးပါးလုနီး လူနာပေါင်းငါးဆယ်တို့အား ဒိုင်ယာနာက တစ်ဦးချင်း လိုက်လံတွေ့ဆုံခဲ့သည်။



၁၉၉၂ ခုနှစ် မတ်လတွင် ဒိုင်ယာနာ၏ ဖခင်ကြီးသည် လန်ဒန်၌ ကွယ်လွန် ဆုံးပါးသွားခဲ့၏။ ဂျွန်စပင်ဆာ၏ အသုဘ အခမ်းအနားသို့ ချားလ်စ်နှင့် ဒိုင်ယာနာတို့ တက်ရောက်ခဲ့ကြသည့်တိုင် သီးခြားစီ ရောက်ရှိ လာကြပြီး တသီးတခြား ပြန်လည်



**Kensington Palace**

ထွက်ခွာသွားကြကြောင်းကို သတင်းထောက်တို့က သတိပြုမိကြသည်။ ချားလ်စ်သည် ၎င်းတို့၏ ဟိုက်ဂရုဗ် စံအိမ်၌ ဆက်လက် နေထိုင်နေသည့်တိုင် ဒိုင်ယာနာသည် လန်ဒန်ရှိ ကန်စင်တန်နန်းတော်သို့ ပြောင်းရွှေ့သွားခဲ့သည်။ သူ၏ မိဘများ ခွဲခွာနေထိုင်ခြင်းနှင့် ပတ်သက်၍ အသက်ဆယ်နှစ်သားအရွယ် မင်းသားဝီလျံက 'အဖေတို့ အမေတို့ နှစ်ယောက်လုံး ပျော်ပျော်ရွှင်ရွှင်ရှိကြမယ်လို့ မျှော်လင့်ပါတယ်' ဟု မိခင်၏ကိုယ်စား သတင်းဌာနများသို့ ပြောကြားခဲ့သည်။

ဝီလျံနှင့် ဟင်နရီတို့မှာ ကျောင်းအိပ်ကျောင်းစား စာသင်ကျောင်းရှိရာ အဝေး၌ နေထိုင်လျက် ရှိကြ၏။ ရက်သတ္တပတ်ကုန်ရက်များ၌ အိမ်သို့ ပြန်လာကြပြီး မိခင်ကြီးနှင့် ဖခင်ကြီးထံတို့တွင် တစ်လှည့်စီ နေထိုင်လျက် ရှိကြသည်။ ထို့ကြောင့် စာသင်နှစ် တစ်နှစ်အတွင်း၌ တစ်ပတ်ခြားတစ်ကြိမ်သာ သားရင်သွေးလေးများအား ဒိုင်ယာနာ တွေ့ဆုံခွင့် ရရှိခဲ့သည်။ ၎င်းတို့အား အလွန်အမင်း လွမ်းဆွတ်တမ်းတလျက် ရှိသည်။ သူ၏ မိဘများ ကွဲကွာသွားကြချိန်က မည်၍မည်မျှ ခက်ခဲလှကြောင်းကို ဒိုင်ယာနာ အမှတ်ရ နေခဲ့သည်။ ဝီလျံနှင့် ဟင်နရီတို့အား ယခင့်ယခင်ကထက် ချစ်မြတ်နိုးကြောင်း ပြသရန်ကိုလည်း အားထုတ် လုပ်ဆောင်ခဲ့သည်။ 'ကျွန်မသားလေးတွေကို သေတဲ့အထိ ထွေးပွေ့သွားမှာပါ' ဟု ထိုကာလအတွင်း၌ ဒိုင်ယာနာက ပြောဆိုခဲ့ဖူးသည်။




အိုးမဲ့အိမ်မဲ့ ဂေဟာများနှင့် ကလေးဆေးရုံများသို့ သွားရောက်လည်ပတ်ရန်အတွက် ဒိုင်ယာနာသည် ကမ္ဘာတစ်ဝန်းသို့ ပိုမို၍ ခရီးလှည့်လည်သွားလာလျက် ရှိ၏။ သူ သွားလေရာနောက်သို့ သတင်းထောက်များ တကောက်ကောက် လိုက်နေကြဆဲဖြစ်ခြင်းကြောင့် အကူအညီနှင့် ငွေကြေးလိုအပ်လျက်ရှိသော နေရာများနှင့် အရေးကိစ္စများအား အာရုံစိုက်လာစေရန်အတွက် ဒိုင်ယာနာ၏ အလည်အပတ်ခရီးစဉ်တို့က အထောက်အကူပြုလျက် ရှိသည်။ ၁၉၉၄ ခုနှစ် နိုဝင်ဘာလတွင် ဗြိတိသျှ ကြက်ခြေနီအသင်းကြီး၏ ၁၂၅ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားသို့ ဒိုင်ယာနာ တက်ရောက်ခဲ့သည်။ သူ၏ ထောက်ခံမှုကို ပြသနိုင်ခဲ့ခြင်းကြောင့် အဖွဲ့အစည်းအတွက် ငွေသန်းပေါင်းများစွာ ရရှိအောင် ကူညီပေးနိုင်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဖွန်လအတွင်းတွင် ဒိုင်ယာနာသည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ အလည်အပတ်ခရီး သွားရောက်ခဲ့၏။ ကလေးဆေးရုံသို့ ဆေးကိရိယာပစ္စည်း အသစ်များ လက်ဆောင်ပေးအပ်ခဲ့ပြီး အခြေခံမူလတန်းကျောင်း တစ်ကျောင်းသို့လည်း အလည်အပတ် သွားရောက်ခဲ့သည်။

ရင်သွေးငယ်တို့အား ကြည့်ရှုစောင့်ရှောက်ရမည့် အလှည့်နှင့် ကြုံကြိုက်နေပေရာ ခရီးစဉ်တစ်လျှောက်လုံး သူနှင့်အတူ ခေါ်ဆောင်သွားခဲ့သည်။ ဝီလျံနှင့် ဟင်နရီတို့အား ကမ္ဘာလောကကြီးအား မြင်တွေ့စေလိုသည်သာမက လူသူအများအား ဂရုတစိုက်နှင့် ကြင်ကြင်နာနာ ရှိမှုကိုလည်း ရင့်သန်စေလိုခြင်းကြောင့် ဖြစ်သည်။

'လူတွေရဲ့ စိတ်ခံစားမှုတွေ လူတွေရဲ့ မိမိကိုယ်ကိုယ် ယုံကြည်မှုနည်းနေခြင်းတွေ၊ လူတွေရဲ့ ပရိဒေဝမီး တောက်လောင်မှုတွေ၊ သူတို့တစ်တွေရဲ့ မျှော်လင့်ချက်တွေနဲ့ အိပ်မက်တွေကို ကျွန်မသားလေးတွေ နားလည်သဘောပေါက်စေချင်လို့ပါ' ဟု ဒိုင်ယာနာက ရှင်းပြခဲ့ဖူးသည်။

၁၉၉၆ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် ဒိုင်ယာနာနှင့် ချားလ်စ်တို့သည် အပြီးသတ် ကွာရှင်းပြတ်စဲလိုက်ကြ၏။ နှစ်ပေါင်းအတန်ကြာအောင် ခွဲခွာနေထိုင်ခဲ့ကြသည့်တိုင် ကွာရှင်းပြတ်စဲခြင်းအား အစစအရာရာ တရားဝင်ဖြစ်အောင် လုပ်ဆောင်ခဲ့ကြသည်။ ယင်းသို့ ကွာရှင်းပြတ်စဲခြင်းမှာ ဇာတ်သိမ်း ... 



သားလေးများအား အချိန်အကန့်အသတ် တစ်ပြေးညီတည်း ခေါ်ယူထားကြရန် သဘောတူညီလိုက်ကြသည်။ ဒိုင်ယာနာအနေဖြင့် ကန်စင်တန်နန်းတော်၌ နေထိုင်ခွင့်ရရှိသည့်တိုင် သူ၏ တော်ဝင်မင်းသမီးဘွဲ့ကိုကား သုံးစွဲခွင့် မရရှိတော့ပေ။ ဝေလမင်းသမီး ဟူသော ဘွဲ့မှာမူ ကျန်ရှိနေဆဲ ဖြစ်သည်။

ကွာရှင်းပြတ်စဲပြီးနောက် ဒိုင်ယာနာသည် စတင်၍ ပိုမို သွက်လက်လှုပ်ရှားလာတော့၏။ သူ့မိခင်၏ အစစ်အမှန် သဘာဝ ဖြစ်ထွန်းလာပြီဟု ဝီလျံက မျှော်လင့်ထားခဲ့သည်။ သူ့ကိုယ်ပိုင် စည်းမျဉ်းစည်းကမ်းများ ချမှတ်လုပ်ဆောင်ရင်း ပျော်ရွှင်နေသည်ဟုလည်း ယူဆရ၏။ ဒိုင်ယာနာကား ယခင်ကအတိုင်းပင် လူကြိုက်များ ရေပန်းစားလျက် ရှိ၏။ ချားလ်စ် မင်းသားနှင့် အိမ်ထောင်ရေး အဆုံးသတ်ပြီးသည့်နောက် မည်သူမည်ဝါနှင့် ချိန်းဆိုတွေ့ဆုံနေသည်ကိုလည်း လူထုပရိသတ်တို့က အထူးတလည် စူးစမ်းနေမိကြ၏။ ဓာတ်ပုံဆရာများသည်လည်း သူ သွားလေရာနောက် တကောက်ကောက် လိုက်နေကြဆဲ ဖြစ်၏။

'ကျွန်မ ကား ဆီသွားမယ်လို့ ရွယ်လိုက်ရုံပဲ ရှိသေးတယ်။ အလွတ်တန်း ဓာတ်ပုံဆရာ ခြောက်ယောက်လောက်က ကျွန်မဘေးနားကို ခုန်ဝင်လာကြတော့တာပဲ' ဟု တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဒိုင်ယာနာက ရှင်းပြခဲ့ဖူးသည်။



ဒိုင်ယာနာ၏ ချိန်းဆိုတွေ့ဆုံခြင်း သို့တည်းမဟုတ် မိတ်ဆွေတစ်ဦးနှင့် ကိုယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်နေခြင်းတို့အတွက် ဓာတ်ပုံတစ်ပုံ ရရှိလျှင်ပင် မဂ္ဂဇင်းများနှင့် သတင်းစာတို့မှာ ဈောင်ရေ သန်းချီ၍ ရောင်းချနိုင်ဖွယ်ရာ ရှိနေပေသည်။ ဒိုင်ယာနာ၏ နေ့စဉ်ဘဝတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုတစ်ခုလည်း ဖြစ်ပေသည်။ လှပကြော့ရှင်းသော မင်းသမီးတစ်ဦးအဖြစ် မပြောင်းလဲသော ဖိအားတို့လည်း ရှိနေမြဲ ဖြစ်သည်။ ကင်မရာမီးရောင်တို့အောက်တွင် အမြဲတစေ ပြုံးပန်းဝေကာ စပ်စပ်စုစု နိုင်လှသော သတင်းထောက်များ အမြဲတစေ ဝန်းရံနေသူအဖြစ်သာ သူ့အား ယူဆထားကြသည်။

## မာသာ ထရီဆာ (၁၉၁၀ – ၁၉၉၇)



မာသာ ထရီဆာအား ယခုအခါ ဥရောပနိုင်ငံဖြစ်သည့် မက်ဆီဒိုးနီးယား နိုင်ငံအတွင်းရှိ အန်း ဝွန် ဇာ ဘွိုင်းအေဂျီးယူ တွင် ဖွားမြင်သည်။ ၁၉၂၈ ခုနှစ်တွင် ရိုမန်ကက်သလစ်ဘာသာဝင် သီလရှင်တစ်ပါး ဖြစ်လာပြီး များမကြာမီတွင် အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့သည်။ ကာလကတ္တားရှိ ဆင်းရဲ နွမ်းပါးသူတို့အား အကူအညီပေးရန်အတွက် တစ်ဘဝလုံး မြှုပ်နှံထားခဲ့သည်။ ကုသိုလ်ဖြစ် သာသနာပြုအဖွဲ့ဟု ခေါ်တွင်သော အမျိုးသမီးများသာ ပါရှိသည့် ဘာသာရေး အဖွဲ့အစည်းတစ်ခုအား မာသာ ထရီဆာက တည်ထောင်ခဲ့သည်။ မျက်မမြင်များ၊ နာဖျားမကျန်းဖြစ်သူများ၊ ကိုယ်ခန္ဓာ မသန်စွမ်းသူများနှင့် သေကောင်ပေါင်းလဲ ဖြစ်နေသူတို့အတွက် သူ၏ လုပ်ဆောင်ချက်များကြောင့် ၁၉၇၉ ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်ဆု ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၄ ရက်တွင် မာသာ ထရီဆာအား သူတော်စင် ပုဂ္ဂိုလ်အဖြစ် ကြေညာခဲ့သည်။

'ကောင်းမွန်တာတွေ အားလုံးကို မသိနိုင်တဲ့တိုင် အပြုံး ရိုးရိုးစင်းစင်း လေး တစ်ခုကလည်း လုပ်နိုင်တာတွေ ရှိပါတယ်' ဟူသော ကျော်ကြားသည့် စကားတစ်ခွန်းအားလည်း ပြောဆိုခဲ့ဖူးသည်။

ယခုအချိန်တွင် ပရဟိတ သာသနာပြုအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ကိုးဆယ်ကျော်တို့၌ လူထုအား အကူအညီပေးရေး ကိစ္စရပ်တို့ကို ဆက်လက် ဆောင်ရွက်လျက် ရှိသည်။

အခန်း ၉

## နှုတ်ဆက်လိုက်ပါတယ်ဒိုင်ယာနာ

သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတို့နှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ် နေလေ့ရှိသည့်တိုင် သူ့အကြိုက် ကိစ္စရပ်တို့အား အာရုံစိုက် လုပ်ဆောင်နေရခြင်းနှင့်မှု လှိုက်လှိုက်လှဲလှဲ ရှိလှသည်။ လိုအပ်သူတို့အား အကူအညီ ပေးရန်အတွက် သူ၏ ထင်ပေါ်ကျော်ကြားမှုအားလည်း အသုံးပြုလေ့ ရှိသည်။ ၁၉၉၆ ခုနှစ်နှောင်းပိုင်းတွင် ဒိုင်ယာနာ၏ အာရုံစူးစိုက်မှုသည် မြေမြှုပ်မိုင်းကြောင့် ဒုက္ခရောက်ကြရသူများအား အကူအညီပေးရန်ဘက်သို့ ဦးလှည့်သွားခဲ့သည်။ စစ်ပွဲကာလအတွင်း ရန်သူတို့၏ ထိုးစစ်ကို အဟန့်အတား ဖြစ်စေရေးအတွက် စစ်မြေပြင်တွင် မြေမြှုပ်မိုင်းဗုံး အသေးစား






လေးများအား မြှုပ်နှံထားလေ့ ရှိသည်။ စစ်ပွဲအဆုံးသတ်ပြီးသည့်နောက် မြေမြှုပ်မိုင်းတို့အား မေ့လျော့ထားကြရာ အမှတ်အသားလုပ်ထားခြင်း မရှိသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းပေါ်သို့ လျှောက်လှမ်းမိကြသည့် အပြစ်မဲ့ ပြည်သူတို့မှာ ဒုက္ခရောက်ကြရတော့၏။

၁၉၉၇ ခုနှစ် ဇန်နဝါရီလအတွင်း၌ ကြက်ခြေနီအဖွဲ့နှင့်အတူ အလုပ်လုပ်ကိုင်လျက်ရှိသော ဒိုင်ယာနာသည် အာဖရိကနိုင်ငံ တစ်နိုင်ငံဖြစ်သည့် အင်ဂိုလာသို့ အလည်အပတ်ခရီး သွားရောက်ခဲ့သည်။ အင်ဂိုလာနိုင်ငံ၌ ပြည်တွင်းစစ် ဖြစ်ပွားနေသည်မှာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီဖြစ်ပြီး မေ့မေ့လျော့လျော့ ပစ်ထားသည့် လက်နက်ကိရိယာများဖြစ်သည့် မြေမြှုပ်မိုင်းပေါင်း ဆယ့်ငါးသန်းမှာ နိုင်ငံတစ်ဝန်း ပြန့်ကြဲတည်ရှိလျက် ရှိသည်။ မြေမြှုပ်မိုင်း မတော်တဆဖြစ်ရပ်တို့ကြောင့် ကလေးသူငယ်များ အပါအဝင် လူပေါင်း ငါးသောင်းကျော်ခန့်တို့မှာ လက်တစ်ဖက် သို့မဟုတ် ခြေတစ်ဖက် ဆုံးရှုံးခဲ့ကြရသည်။ အင်ဂိုလာသို့ ဒိုင်ယာနာ သွားရောက် လည်ပတ်ရ

ခြင်း၏ ရည်မှန်းချက်ပန်းတိုင်မှာ ကမ္ဘာတစ်ဝန်းတွင် မြေမြှုပ်မိုင်း တားဆီး ပိတ်ပင်ရေးလုပ်ငန်း အောင်မြင်မှုရရှိစေရန် ဖြစ်သည်။ သေးငယ်သော်လည်း သေစေနိုင်လောက်သော လက်နက်တို့အား နောက်နောင် လုံးဝ အသုံးမပြု စေရေးအတွက်လည်း အသေအချာ ဆောင်ရွက်လိုပေသည်။ ဒိုင်ယာနာ သည် မြေမြှုပ်မိုင်းဒဏ် ခံစားခဲ့ရသူတို့နှင့် စကားစမြည်ပြောကာ နှစ်သိမ့် အားပေးခဲ့၏။ ထိုသူတို့မှာ ကျေးလက်ဒေသတို့၌ သွားလာလှုပ်ရှားရင်း မြေမြှုပ်မိုင်းဒဏ် ခံစားခဲ့ရသူများ ဖြစ်သည်။ ယင်းကိစ္စရပ်အား ကမ္ဘာတစ် ဝန်းမှ အာရုံစိုက်လာစေရေးအတွက်လည်း များမကြာမီ၌ အသေအချာ ဆောင်ရွက်တော့သည်။

၁၉၉၇ ခုနှစ် ဇွန်လတွင် ရန်ပုံငွေရရှိရေးအတွက် သူ၏ ကိုယ်ပိုင် အဝတ်အစားတို့အား အသုံးချခဲ့သည်။ နယူးယောက်မြို့တော်ရှိ ခရစ္စတီး လေလံခန်းမတွင် ဒိုင်ယာနာ၏ အလှပဆုံးသော ဂါဝန်နှင့် အဝတ်အစား ပေါင်း ခုနှစ်ဆယ့်ကိုးထည်ကို လေလံပစ်ကာ အမြင့်ဆုံးဈေးဖြင့် တစ်ထည် ချင်း ရောင်းချခဲ့သည်။

'ထရာဗိုလ်တာ ဝတ်စုံ' တစ်ထည်တည်းကိုပင် အမေရိကန်ဒေါ်လာ ၂၂၂,၅၀၀ ဖြင့် ဝယ်ယူသွားခဲ့သည်။ ခရစ္စတီး လေလံ၌ အဝတ်အစား လေလံ ပစ်မှုသမိုင်းတွင် ဈေးနှုန်း အမြင့်မားဆုံး ရရှိခြင်း ဖြစ်သည်။ အဝတ်အစား အားလုံး ရောင်းချခြင်းမှ အမေရိကန်ဒေါ်လာ ၃.၂၅ သန်း ရရှိခဲ့သည်။



ရရှိသော ငွေကြေးတို့အား ကင်ဆာနှင့် အေအိုင်ဒီအက်စ် ဝေဒနာရှင်တို့ကို ကူညီရန်အတွက် သုံးစွဲခဲ့သည်။

သို့နှင့်တိုင် ဒိုင်ယာနာ၏ ပရဟိတလုပ်ငန်းတို့ထက် ကမ္ဘာတစ်ဝန်းက စိတ်ဝင်တစား ဖြစ်နေကြသော ကိစ္စတစ်ရပ်လည်း ရှိနေသည်။ ကွာရှင်းပြတ်စဲပြီးနောက် တစ်နှစ် မရှိသေးမီ အချိန်တွင် ဒိုင်ယာနာသည် ဒိုဒီ ဖာရက်ဒ်နှင့် ချိန်းဆိုတွေ့ဆုံခဲ့သည်။ ဟာရော့ဒ်စ် အမည်ရှိ ကျော်ကြား






**Hotel Ritz, Paris**

လှသော ဗြိတိသျှကုန်တိုက်ကြီးအား ပိုင်ဆိုင်သည့် မိသားစုမှ ဘီလျံနာ တစ်ဦး ဖြစ်သည်။ ဒိုဒီသည် ဒိုင်ယာနာအတွက် မှန်ကန်သော ရွေးချယ်မှု မဟုတ်ဟု အချို့က ယူဆကြသည်။ ဆန်းဆန်းပြားပြား မော်တော်ကားများ၊ သင်္ဘောကြီးများနှင့် ကုန်ကျစရိတ်ကြီးမြင့်သော ပါတီပွဲများ ကျင်းပရခြင်းတို့တွင် ငွေကြေးဖြုန်းတီးရခြင်းကို ဒိုဒီက နှစ်ခြိုက်လှသည်။ သို့နှင့်တိုင် သူ၏ သားတော်မောင်များဖြစ်ကြသည့် အသက်ဆယ့်ငါးနှစ်အရွယ် ဝီလျံနှင့် အသက်ဆယ့်နှစ်နှစ်အရွယ် ဟင်နရီတို့အား ဒိုဒီနှင့် မိတ်ဆက်ပေးထားပြီး ဖြစ်သည်။ ၁၉၉၇ ခုနှစ် နွေရာသီတွင် သားလေးများကိုပါ ခေါ်ဆောင်၍ ပြင်သစ်နိုင်ငံတောင်ပိုင်းသို့ အပန်းဖြေခရီး ထွက်ခဲ့ကြဖူးသည်။

ဩဂုတ်လ ၃၀ ရက်နေ့တွင်လည်း ဒိုင်ယာနာနှင့် ဒိုဒီတို့သည် ပါရီသို့ အလည်အပတ် သွားရောက်ခဲ့ကြ၏။ မြို့တော်၏ ဗဟိုချက်မနေရာတွင်ရှိသော ရစ်ဇ် ဟိုတယ်သို့ ညစာ သွားရောက် စားသောက်ခဲ့ကြသည်။ စားသောက်ကြပြီးနောက် ဟိုတယ်၏ နောက်ဘက်တံခါးမှ ခိုးကြောင်ခိုးဝှက် ထွက်ခွာကြရန် ဒိုင်ယာနာနှင့် ဒိုဒီတို့က အားထုတ်ခဲ့ကြသည်။ ၎င်းတို့အား ဓာတ်ပုံရိုက်ကူးရန် စောင့်ဆိုင်းနေကြသည့် ပါပါရာဇီ ခေါ် ဓာတ်ပုံဆရာတို့အား ရှောင်ရှားလိုသောကြောင့် ဖြစ်သည်။



ဒိုင်ယာနာနှင့် ဒိုဒီတို့သည် ကားနက်ကြီး တစ်စီးပေါ်သို့ ခုန်တက်လိုက်ကြရာ ယာဉ်မောင်းကလည်း အရှိန်ဖြင့် မောင်းထွက်လာတော့၏။ ခဏပိုင်းတစ်ပိုင်းရရန် မျှော်လင့်တကြီးဖြင့် ပါပါရာဇီတို့ကလည်း ကားများ၊ ဆိုင်ကယ်များနှင့် စကူတာများဖြင့် ထက်ကြပ်မကွာ လိုက်ပါလာကြသည်။ သူတို့စုံတွဲ၏ ဓာတ်ပုံတစ်ပုံအား ဒေါ်လာထောင်ပေါင်းများစွာဖြင့် ရောင်းချနိုင်ခြင်းကြောင့်လည်း ဖြစ်သည်။ ဒိုဒီ၏ ယာဉ်မောင်းသည် ကင်မရာသမားတို့နှင့် ဝေးရာသို့ရောက်အောင် အားထုတ်သည့်အနေဖြင့် အရှိန်ကိုမြှင့်လိုက်သည်။ မြန်လွန်းမက မြန်ဆန်လွန်းရကား ထိန်းချုပ်ရ ခက်ခဲ၍လာ၏။ ပါရီ တူးမြောင်းရှိ ကွန်ကရစ် ပိုက်လုံးကြီးအတွင်း၌ မော်တော်ကားမှာ အရှိန်ပြင်းပြင်းဖြင့် တိုက်မိသွားတော့သည်။ ဒိုဒီနှင့် ယာဉ်မောင်းတို့မှာ မတော်တဆဖြစ်ရပ်ကြောင့် ပွဲချင်းပြီး သေဆုံးသွားခဲ့ရသည်။ ဒိုင်ယာနာအား ဆေးရုံသို့ ခေါ်ဆောင်သွားရာ ဆေးရုံသို့ရောက်ပြီး မကြာမီမှာပင် ကွယ်လွန်သွားတော့၏။ ဒိုင်ယာနာမင်းသမီးကား အသက်သုံးဆယ့်ခြောက်နှစ်အရွယ်သာ ရှိပေသေးသည်။

## ပါပါရာဇီ



ပါပါရာဇီသည် အီတလီ စကားလုံးဖြစ်ပြီး ထင်ပေါ်ကျော်ကြားသူတို့အား ဓာတ်ပုံများ ရိုက်ကူးထားလေ့ရှိသည့် ဓာတ်ပုံဆရာတို့အား ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။ ၎င်းတို့သည် အများသူငါ သွားလာနေကြသည့် နေရာတို့တွင် ဓာတ်ပုံရိုက်ကူးရန် တစ်ခါတစ်ရံ အားထုတ်လေ့ ရှိကြသည်။ ထင်ပေါ်ကျော်ကြားသူတို့ ညစာ စားသောက်ကြခြင်း၊ အပန်းဖြေခရီးထွက်ကာ အနားယူကြခြင်း၊ ဈေးဝယ်ထွက်ကြခြင်း စသည့် သာမန် နိစ္စဓူဝကိစ္စများ ဆောင်ရွက်နေကြသည်ကို ဓာတ်ပုံ ရိုက်ကူးတတ်ကြခြင်းကြောင့် ပါပါရာဇီတို့ လူသိများပေသည်။

ပို၍ အဖိုးထိုက်တန်သော ဓာတ်ပုံရရှိရေးအတွက် ကျော်ကြားသူတို့ စိတ်ဆိုးဒေါသထွက်လေအောင် ပါပါရာဇီ အချို့က ရည်ရွယ်ချက်ရှိရှိ အားထုတ်လေ့ ရှိကြသည်။ ကိုယ်ရေးကိုယ်တာ ဆောင်ရွက်ရန် နေရာနှင့် သီးသန့်လုပ်ဆောင်နေသည့် ကိစ္စရပ်တို့အား ကျူးကျော်စော်ကားသည်ဟုလည်း ပါပါရာဇီတို့ စွပ်စွဲခံကြရလေ့ ရှိသည်။

အခန်း ၁၀

## ဝမ်းနည်းပူဆွေးသောကာရောက်ကြခြင်း



ဒိုင်ယာနာ ကွယ်လွန်ခြင်းကြောင့် တစ်ကမ္ဘာလုံး ယူကျုံးမရ ဖြစ်ကြရသည်။ ဝမ်းနည်းကြေကွဲနေကြသူတို့သည် ပေါင်ချိန် ပေါင်းသန်းနှစ်ဆယ်သို့တည်းမဟုတ် တန်ချိန်ပေါင်း တစ်သောင်းရှိသော ပန်းများအား ဘက်ကင်ဟမ်နန်းတော်ရှေ့၌ ဂုဏ်ပြုချထားခဲ့ကြသည်။ သူ ကွယ်လွန်ခြင်းအတွက် ထိုညက နောက်မှ လိုက်ပါခဲ့ကြသည့် ဓာတ်ပုံဆရာတို့အား ဒိုင်ယာနာ၏ မိသားစုနှင့် မိတ်ဆွေသင်္ဂဟများက ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ပါပါရာဇီတို့အား ထက်သန်တက်ကြွစေရန် အားပေးအားမြှောက် လုပ်ကာ ဓာတ်ပုံများ ဝယ်ယူခဲ့ကြသည့် မဂ္ဂဇင်းများနှင့် သတင်းစာများအားလည်း ပြစ်တင်ဝေဖန်ရမည်ဟု ဒိုင်ယာနာ၏ မောင်ဖြစ်သူ ချားလ်စ်က ယူဆခဲ့သည်။

တော်ဝင်မိသားစုတို့မှာ ဒိုင်ယာနာအား ဆုံးရှုံးလိုက်ရသည့်အတွက် တိတ်တဆိတ်ပင် တသီးတသန့် ဝမ်းနည်းကြေကွဲ နေခဲ့ကြ၏။ အသုဘ အခမ်းအနား မကျင်းပမီ ညပိုင်း၌ ဘုရင်မကြီးက သူ၏ ချွေးမတော်ဟောင်း အတွက် ချစ်ခင် ရင်းနှီးစွာ နှုတ်ဆက်စကား ပြောကြားခဲ့သည်။

'ဘုရင်မကြီးအနေနဲ့ကော ဘွားအေတစ်ယောက် အနေနဲ့ပါ နှလုံးသားထဲက လာတဲ့ စကားတွေကို မြွက်ကြားလိုပါတယ်' ဟု ဘုရင်မကြီးက စတင် ပြောကြားခဲ့သည်။ 'ဒိုင်ယာနာဟာ ထူးခြားပြီး ပင်ကို စွမ်းရည်ရှိသူ တစ်ဦးပါ။ အကောင်းပဲ ကြုံကြုံ အဆိုးပဲ တွေ့တွေ့ ပြုံးရွှင်ရယ်မောရင်း သူ့စွမ်းဆောင်ရည်ကို လုံးဝ မဆုံးရှုံးစေခဲ့သူပါ။ သူ့ရဲ့ နွေးထွေးကြင်နာမှုတွေကိုလည်း အခြားသူတွေအပေါ် လုံးဝ မပျက်သုဉ်းခဲ့သူပါ။'

ဒိုင်ယာနာ၏ ဈာပနအခမ်းအနားအား ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် ကျင်းပခဲ့သည်။ သူ၏ ခေါင်းတလားအား မြင်းတစ်ကောင်ကသည့် ရထားလုံးဖြင့် တင်ဆောင်ကာ လန်ဒန်မြို့ရှိ လမ်းများအတိုင်း သယ်ဆောင်လာခဲ့သည်။ ဒိုင်ယာနာ၏ မိသားစုအပြင် လူပေါင်းငါးရာကျော်တို့ကလည်း ခေါင်းတလား နောက်မှ လမ်းလျှောက်၍ လိုက်ပါလာကြသည်။ ထိုသူတို့မှာ ကင်ဆာနှင့် အေအိုင်ဒီအက်စ် ရောဂါဝေဒနာသည်များ ဖြစ်သည်။ ဒိုင်ယာနာ၏ တစ်သက်တာကာလအတွင်း ပရဟိတ အလုပ်အဖြစ် အများဆုံး အထောက်အပံ့ ပြုပေးခဲ့သည့် ဝေဒနာရှင်များလည်း ဖြစ်



သည်။ ရထားလုံးလမ်းကြောင်း ရှည်လျားသည်နှင့်အမျှ ရထားလုံး ဖြတ်သန်းသွားသည်ကို မြင်တွေ့နိုင်စေရန်အတွက် လမ်းများ၌ တန်းစီစောင့်ဆိုင်းနေသူများလည်း ရှိပေသည်။ အခမ်းအနားအား ရုပ်မြင်သံကြားမှ စောင့်ကြည့်နေကြသူပေါင်း ၂.၅ ဘီလျံကျော် ရှိပေရာ သမိုင်းတွင် လူကြည့်အများဆုံးသော ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ရသည်။

ဒိုင်ယာနာ၏ မောင်ဖြစ်သူ ချားလ်စ်က အသုဘမိန့်ခွန်းအား ဤသို့ စတင် ပြောကြားခဲ့သည်။ 'ဒီကနေ့ လူထုပရိသတ်ရှေ့မှောက်မှာ ကျွန်တော် ရပ်နေတာကတော့ ပရိဒေဝမီးတောက်လောင်နေတဲ့ မိသားစုတစ်စုရဲ့ ကိုယ်စား၊ ဝမ်းနည်းကြေကွဲနေတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ကိုယ်စား၊ တုန်လှုပ်ချောက်ချားနေတဲ့ ကမ္ဘာကြီးရဲ့ကိုယ်စား နှုတ်ဆက်စကား ပြောကြားဖို့ ဖြစ်ပါတယ်'။



ဒိုင်ယာနာ၏ မိတ်ဆွေရင်းဖြစ်သူ ဆာ အယ်လ်တန် ဂျွန် ကလည်း ဒိုင်ယာနာအတွက် အထူး ရေးစပ်သီကုံးထားသည့် စကားလုံးများဖြင့် သူ၏ 'လေထဲက ဖယောင်းတိုင်' တေးသီချင်းအား သီဆိုခဲ့သည်။ သူ သီဆိုခဲ့သော တေးသွားတစ်ပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်။



ကျုပ်တို့ နိုင်ငံကို မင်းမေတ္တာရပ်ခံပန်ကြားခဲ့ရဲ့
နာကျင်ကြေကွဲ တိုးတိုးလေး ပြောဆိုခဲ့
ခုတော့ ကောင်းကင်ဘုံဆီ ရောက်သွားချေပြီ
ကြယ်တွေက မင်းနာမည်ကို စာလုံးပေါင်း ဖော်ပြကြပေလိမ့်

ကမ္ဘာပေါ်၌ ထင်ပေါ်ကျော်ကြားသူအချို့လည်း ဈာပနအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။ သမ္မတကတော် ဟီလာရီ ကလင်တန်၊ ရုပ်ရှင် ဒါရိုက်တာ စတီဗင် စပီးလ်ဘာ့ဂ်၊ ရုပ်ရှင်မင်းသား တွမ်ခရုဇ်နှင့် တွမ် ဟင့်ခ်စ်၊ ဒီဇိုင်းဖန်တီးရှင် ဒိုနာတယ်လ်လာ ဗားဆက်တို့ ဖြစ်သည်။

မိသားစုနေအိမ်၌ သီးသန့် အခမ်းအနား ကျင်းပပြီးသည့်နောက် အောလ်သရုပ် နယ်မြေအတွင်းရှိ ရေကန်အတွင်းမှ ကျွန်းလေး တစ်ကျွန်းပေါ်တွင် ဒိုင်ယာနာအား မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်။ သူ၏ အုတ်ဂူ ရှိရာသို့ သွားသည့် လမ်းလေးတွင် သူ၏ အသက်တာအား ကိုယ်စားပြုသည့် အနေဖြင့် ဝက်သစ်ချပင်ပေါင်း သုံးဆယ့်ခြောက်ပင်ကို စီတန်း စိုက်ပျိုးခဲ့ကြသည်။

## အယ်လ်တန် ဂျွန် (၁၉၄၇ – )



အယ်လ်တန် ဂျွန် သည် အင်္ဂလိပ်လူမျိုး အဆိုတော်၊ တေးရေးဆရာနှင့် စန္ဒရားဆရာ ဖြစ်သည်။ တေးသီချင်းအယ်လ်ဘမ်ပေါင်း သန်း ၂၅၀ ကျော် ရောင်းချထားပြီး ဖြစ်သည်။ 'လိုင်အွန် ကင်း' အပါအဝင် ရုပ်ရှင်ဇာတ်ကားများနှင့် ဘရော့ဒ်ဝေး ပြဇာတ်များတွင် တေးသီချင်းများ ရေးစပ်သီကုံးခဲ့သည်။

အယ်လ်တန် ဂျွန် အစ်ဒ်စ် ဖောင်ဒေးရှင်းအား တည်ထောင်ခဲ့ပြီး အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ရောဂါ တိုက်ဖျက်ရေးအတွက် ရန်ပုံငွေပေါင်း အမေရိကန်ဒေါ်လာ ၃၄၉ သန်းကျော် မတည်ပေးခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ဒုတိယမြောက် အီလိဇဘက်ဘုရင်မကြီးက သူရဲကောင်းဘွဲ့ချီးမြှင့်ခဲ့ရာ ဆာ အယ်လ်တန် ဟာ ကျူလီ ဂျွန် ဖြစ်လာခဲ့သည်။ သူ၏ ပြန်လည် တည်းဖြတ် ရေးသားထားသော 'လေထဲက ဖယောင်းတိုင် ၁၉၉၇' အား ဒိုင်ယာနာ၏ ဈာပန အခမ်းအနားတွင် သီဆိုခဲ့ပြီး သမိုင်းတွင် အအောင်မြင်ဆုံးသော ပေါ့ပ် စင်ဂဲလ် တေးသီချင်းတစ်ပုဒ် ဖြစ်လာခဲ့သည်။ ယင်းတေးသီချင်းမှာ ဓာတ်ပြားချပ်ရေပေါင်း သန်း သုံးဆယ်ကျော် ရောင်းချခဲ့ရသည်။

အခန်း ၁၁

## သူ၏ တော်ဝင်အမွေအနှစ်

ဒိုင်ယာနာ၏ စိတ်ဓာတ်အမွေတို့မှာ ယနေ့တိုင် ဆက်လက် ရှင်သန်နေဆဲ ဖြစ်သည်။ အထူးသဖြင့် သူ၏ ရင်သွေးလေးများ၌ ရှင်သန်နေခြင်း ဖြစ်သည်။ ကင်းဘရစ်ချ်မြို့စားဟု ခေါ်တွင်ကြသော သားကြီး ဝီလျံသည် ကက်သရင်း အီလိဇဘက် 'ကိတ်' မစ်ဒဲလ်တန်နှင့် ထိမ်းမြား လက်ထပ်ခဲ့သည်။ စကော့တလန်ရှိ စိန့်အင်ဒရူးတက္ကသိုလ်တွင် ကောလိပ်ကျောင်း တက်ရောက်နေကြစဉ်အတွင်း ဝီလျံနှင့် ကိတ်တို့ ဆုံတွေ့ခဲ့ကြခြင်း ဖြစ်သည်။ ကိတ်သည် ဆွေကြီးမျိုးကြီးထဲမှ မဟုတ်သည့်တိုင် သူ၏ ကြင်ကြင်နာနာရှိပြီး နူးညံ့ပျော့ပျောင်းသည့် ပင်ကိုစရိုက်တို့က ဒိုင်ယာနာ ပရိသတ်တို့အား သတိတရ ဖြစ်စေခဲ့သည်။ သူ၏ မိခင်ကြီးအကြောင်း မတွေးမိသော နေ့ရက် ဟူ၍ တစ်ရက်မျှ မရှိဟု ဝီလျံက ပြောဆိုခဲ့ဖူးသည်။





မင်းသားဟင်နရီသည် လေတပ်မတော်၌ ဆယ်နှစ်ကြာ စစ်မှုထမ်းဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် စစ်ပြန်များအတွက် နိုင်ငံတကာကစားပွဲဖြစ်သော 'အနိုင်မခံ ကစားပွဲ' တို့အား တည်ထောင်ခဲ့သည်။ 'သူတို့နိုင်ငံအသီးသီးအတွက် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ခဲ့ကြတဲ့ စစ်ပြန်တွေ အားလုံးကို အကူအညီပေးဖို့ တာဝန်ရှိကြောင်း' နားလည်သဘောပေါက်လာသည်ဟု ဟင်နရီက ပြောဆိုခဲ့ဖူးသည်။

'ကျွန်တော့် ကိုယ်ထဲမှာ အမေ့သွေး အတော်များများ ရှိနေတယ်လို့ ယုံကြည်ပါတယ်' ဟုလည်း ဟင်နရီက ပြောဆိုခဲ့ဖူးသည်။ ဒိုင်ယာနာ၏ ပရဟိတ လုပ်ဆောင်မှု သမိုင်းကို ကိုးကား၍လည်း 'အမေ ဂုဏ်ယူလောက်တဲ့ သားတစ်ယောက်ဖြစ်အောင် ဆက်ပြီး အားထုတ်သွားမှာပါ' ဟုလည်း ပြောဆိုခဲ့သည်။

ဒိုင်ယာနာ၏ ဘဝသည် သူ တစ်ချိန်က မျှော်လင့်တမ်းတခဲ့ဖူးသော နတ်သမီးပုံပြင် အဆုံးသတ်သို့ ရောက်ရှိသွားခြင်း မရှိပေ။ သို့နှင့်တိုင် သူ အားထုတ် လုပ်ဆောင်ခဲ့သော ကြင်နာ ရက်ရောသည့် စွမ်းဆောင်ချက်တို့ကြောင့် 'လူထုမင်းသမီး' အဖြစ်သို့ ရောက်ရှိခဲ့သည်။

လိုအပ်နေသူတိုင်းအား အကူအညီပေးလိုခြင်း၌ ဒိုင်ယာနာတွင် အထူးနည်းလမ်းတစ်ရပ် ရှိသည်။ သူနှင့် သိကျွမ်းလိုသူတို့ဖြင့်လည်း အကူအညီရရန် ဖန်တီးခဲ့သည်။ သူ့ပတ်ဝန်းကျင်ရှိ လူများနှင့်လည်း အကူအညီရရန် ဖန်တီးခဲ့သည်။ တစ်ခါတစ်ရံ လူလုံးပြရုံမျှလောက်ဖြင့်လည်း အကူအညီ ရရှိခဲ့သည်။ ယင်းမှာ ပြင်ပ ပုံပန်းသဏ္ဍာန် လှပကြော့ရှင်းခြင်းသာမက အတွင်းစိတ်ထား လှပခြင်းနှင့်ပါ သက်ဆိုင်ပေသည်။ သူသည် နိုင်ငံတကာ၌ ထင်ပေါ်ကျော်ကြားသူတစ်ဦး ဖြစ်လာပြီး ကမ္ဘာပေါ်၌ လေးစားမှု ခံရဆုံးသော အမျိုးသမီးတစ်ဦးလည်း ဖြစ်၏။ ဒိုင်ယာနာ၏ လူ့ဘဝသက်တမ်းတိုတိုလေးအတွင်း၌ ကမ္ဘာကြီးအား ပို၍ ကောင်းမွန်သော နေရာတစ်ခုဖြစ်ရန် ဖန်တီးခဲ့ပေသည်။ အရေးအကြီးဆုံးဖြစ်သော ရိုးရိုးရှင်းရှင်း ချစ်ခင်ကြင်နာသော အပြုအမူတို့ကို လူထု နားလည်သဘောပေါက်လာရန်လည်း စွမ်းဆောင်ခဲ့ပေသည်။

'ကျွန်မ အလုပ်ဟာ ဘာလဲ ဆိုတာကို ကျွန်မ သိပါတယ်' ဟု ဒိုင်ယာနာက ပြောဆိုခဲ့ဖူးသည်။ 'ပြင်ပကို ထွက်တာ၊ လူတွေနဲ့ တွေ့ဆုံတာ၊ လူတွေကို မေတ္တာထား ချစ်ခင်တာတို့ပါပဲ'။